# ကြေးမုံ

## The Mirror Daily

၁၉၅၇ ဇူလိုင် ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ချမ်းသာခြင်းအကြောင်းတရား**

သီလရှိခြင်းသည် အိုသည့်တိုင်အောင် ချမ်းသာ၏၊ အခိုင်အမြဲတည်သော သဒ္ဓါတရားရှိခြင်းသည် ချမ်းသာ၏၊ အသိဉာဏ်ပညာကို ရခြင်းသည် ချမ်းသာ၏၊ မကောင်းမှုကို မပြုခြင်းသည် ချမ်းသာ၏။

နာဂဝဂ်(ဓမ္မပဒ-၃၃၃)


၁၃၈၆ ခုနှစ်၊ ဝါဆိုလဆန်း ၈ ရက်၊ စနေနေ့။ Saturday, 13 July 2024 ၁၁၅၁၇


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



# ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ၂၀၂၄ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပပြုလုပ်

**နေပြည်တော် ဇူလိုင် ၁၂**

သဘာဝ ပတ်ဝန်းကျင်အား ထိန်းသိမ်းနိုင်စေရန်နှင့် ရာသီဥတုကို အထောက်အကူဖြစ်စေရန်၊ အရိပ်အာဝါသ ရရှိစေရန်၊ နိုင်ငံ့စီးပွားရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန်ရည်ရွယ်၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် တိုင်းစစ်ဌာနချုပ် အသီးသီးတို့တွင် ၂၀၁၁ ခုနှစ်မှစ၍ နှစ်စဉ်မိုးရာသီတစ်အုပ်တစ်မသစ်ပင်စိုက်ပျိုးပွဲများ ကျင်းပပြုလုပ်လျက်ရှိသည်။

**ရတနာတန်းဝင် ကျွန်းပင် ဦးဆောင်စိုက်ပျိုးပေး**

ယနေ့တွင် ၂၀၂၄ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းဆည်အနီး၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်၍ ရတနာတန်းဝင်ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးသည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ ဇနီးဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊


စာမျက်နှာ ၃ ကော်လံ ၁ သို့ ○


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရတနာတန်းဝင် ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးစဉ်။




ကြေးမုံ

# ထိခိုက်လွယ်သူ ဖေးမကူ၊ အရေးပေါ်က စောင့်ရှောက်ကြ

"ထိခိုက်လွယ်သူ ဖေးမကူ၊ အရေးပေါ်က စောင့်ရှောက်ကြ" "Helping vulnerable populations in emergencies" ဟူသည့် ဆောင်ပုဒ်ကို ကုလသမဂ္ဂက ၂၀၂၄ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ဆောင်ပုဒ်အဖြစ် သတ်မှတ်ထားသည်။ မျက်မှောက်ကာလ၌ ကမ္ဘာပေါ်ရှိနိုင်ငံများ၌ ဖြစ်ပေါ်နေသည့် ပဋိပက္ခများ၊ စစ်ပွဲများ၊ သဘာဝဘေး အန္တရာယ်များ၊ စားနပ်ရိက္ခာရှားပါးမှုများ စသည့်ဘေးအန္တရာယ်အမျိုးမျိုးကြောင့် လူသားများ ကြုံတွေ့နေရသည့် အရေးပေါ်အခြေအနေများကို တုံ့ပြန်ဆောင်ရွက်နိုင်ရန် တိုက်တွန်းနှိုးဆော်ချက်ဖြစ်သည်။

နိုင်ငံတကာသတင်းအချက်အလက်များအရ ဘေးအန္တရာယ်ကျရောက်နေသူများတွင် လူငယ်များစွာပါဝင်နေပြီး နိုင်ငံအချို့၌ ဘေးအန္တရာယ်ကျရောက်နေသူများ၏ သုံးပုံနှစ်ပုံခန့်သည် အသက် (၂၅)နှစ်အောက် လူငယ်များဖြစ်သည်ဟုသိရသည်။ ကမ္ဘာတစ်ဝန်းတွင် ပညာမသင်ကြားနိုင်သည့် လူငယ်လူရွယ် တစ်ဝက်ခန့်တွင် ပဋိပက္ခဖြစ်နေသည့်နိုင်ငံများ၊ ပဋိပက္ခကြုံတွေ့နေသည့်ဒေသများမှဖြစ်နေသည်ကို တွေ့ရသည်။ အထူးသဖြင့် သက်ကြီးရွယ်အိုများ၊ အမျိုးသမီးငယ်များ၊ ကလေးသူငယ်များ၊ မသန်စွမ်းသူများနှင့် ဆင်းရဲနွမ်းပါးသူများမှာ ပိုမိုထိခိုက်ခံစားကြရသည်။ သဘာဝဘေးအန္တရာယ်တစ်မျိုးမျိုး သို့မဟုတ် ပဋိပက္ခတစ်မျိုးမျိုးဖြစ်ပေါ်နေချိန်တွင် အမျိုးသမီးများနှင့် မိန်းကလေးငယ်များသည် ခုခံရုန်းထွက်နိုင်စွမ်းမရှိသည့်အပြင် လျစ်လျူရှုခြင်းခံကြရသည်။

ထို့ကြောင့် ထိခိုက်ခံစားလွယ်သူများ၏ ဘဝလုံခြုံမှု၊ တိုးတက်မှု၊ ဂုဏ်သိက္ခာနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ကူညီဖြည့်ဆည်းပေးခြင်းသည် လူသားချင်းစာနာထောက်ထားမှုနှင့် လူမှုအသိုင်းအဝိုင်းကောင်းကျိုးများကို ဆောင်ကြဉ်းပေးခြင်းဖြစ်၍ ဝိုင်းဝန်းကူညီဆောင်ရွက်ကြရမည်ဖြစ်သည်။ အထူးသဖြင့် လူငယ်လူရွယ်များသည် နိုင်ငံ၏အနာဂတ်၊ နိုင်ငံ၏အင်အားများဖြစ်သောကြောင့် လူငယ်လူရွယ်များ၊ အမျိုးသမီးငယ်များ ပညာသင်ကြားခွင့်မရကြပါက ၎င်းတို့တစ်ဦးချင်းအတွက်သာမက ၎င်းတို့ပတ်ဝန်းကျင်နှင့်နိုင်ငံအနာဂတ်တွင် အားနည်းချက်များ၊ လိုအပ်ချက်များ ရှိလာမည်ဖြစ်ရာ ထိခိုက်လွယ်သူများအားလုံးကို ကူညီစောင့်ရှောက်ပေးရန်လိုအပ်သကဲ့သို့ ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများအနေဖြင့် အရေးပေါ်အစီအမံများ ပြင်ဆင်ထားရမည်ဖြစ်သည်။

အရေးပေါ်အခြေအနေတွင် အသုံးပြုနိုင်ရန်၊ ထိခိုက်လွယ်သူများကို ထိထိရောက်ရောက် ကူညီပံ့ပိုးနိုင်ရန်အတွက် လူဦးရေကိန်းဂဏန်းအချက်အလက်များနှင့် ဒေသအလိုက် လူမှုစီးပွားရေးဆိုင်ရာ အချက်အလက်များ မှန်မှန်ကန်ကန် တိတိကျကျရရှိရန်လိုအပ်သည်။ ထို့ကြောင့် ကမ္ဘာပေါ်ရှိနိုင်ငံများအနေဖြင့် လူဦးရေအချက်အလက်ဆိုင်ရာ သန်းခေါင်စာရင်းကို ၁၀ နှစ်တစ်ကြိမ် ကောက်ယူလေ့ရှိသည်။ မြန်မာနိုင်ငံတွင် ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့မှ ၁၅ ရက်နေ့အထိ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ သန်းခေါင်စာရင်းအချက်အလက်များသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများနှင့် မူဝါဒများချမှတ်ရန် အရေးကြီးသည့် လူမှုစီးပွားဆိုင်ရာများအတွက် အထောက်အပံ့ကောင်းများ ရရှိနိုင်မည်ဖြစ်သည်။

ကမ္ဘာ့လူဦးရေသည် တစ်နေ့တခြားတိုးတက်လာသည်နှင့်အမျှ စားနပ်ရိက္ခာမပြည့်စုံမှုများ၊ သောက်သုံးရေရှားပါးပြတ်လပ်မှုများ၊ ရာသီဥတုဖောက်ပြန်ခြင်းများ၊ ကူးစက်ရောဂါပျံ့နှံ့ခြင်းများ၊ ရေဘေး၊ လေဘေး၊ မုန်တိုင်းဘေး စသည့်သဘာဝဘေးအန္တရာယ်များ၊ ပဋိပက္ခများ စသည့်ဘေးအန္တရာယ်အမျိုးမျိုးတို့ကို လူသားများ ယခင်ကထက် ပိုမိုရင်ဆိုင်ခံစားလာကြရသည်။ ထို့အပြင် တန်းတူညီမျှမှုမရှိခြင်း၊ ဆင်းရဲနွမ်းပါးမှုများပြားလာခြင်း စသည့်ဆင်းရဲဒုက္ခများနှင့် လူတန်းစားကွာဟမှု ပြဿနာများနှင့်ရင်ဆိုင်လာကြရသည်။

ထို့ကြောင့် ဆင်းရဲနွမ်းပါးမှု၊ တန်းတူညီမျှမှုမရှိမှု၊ ရာသီဥတုပြောင်းလဲမှု၊ သဘာဝပတ်ဝန်းကျင် ပျက်စီးယိုယွင်းမှု၊ ငြိမ်းချမ်းရေးနှင့်တရားမျှတမှုမရှိမှုတို့အပါအဝင် ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုများကို ဖြေရှင်းနိုင်ရန် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့က စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များကိုချမှတ်ပြီး မြန်မာနိုင်ငံအပါအဝင် အဖွဲ့ဝင်နိုင်ငံများက ၂၀၃၀ ပြည့်နှစ်တွင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များ ပြည့်မီအောင် ဆောင်ရွက်သွားကြရန် သဘောတူညီခဲ့ကြသည်။ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်ကို အခြေခံပြီး နိုင်ငံတစ်နိုင်ငံချင်းစီအလိုက် ကြုံတွေ့နေရသည့် ပြဿနာများနှင့် အခက်အခဲများကို အချိန်မီကုစားနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

လူဦးရေဆိုင်ရာ ပြဿနာများနှင့်ပတ်သက်၍ ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံအများစုတွင် မွေးဖွားနှုန်း သိသိသာသာကျဆင်းလာခြင်းကြောင့် ကလေးဦးရေနည်းပါးလာပြီး လုပ်သားအင်အားရှားပါးခြင်းများ၊ သက်ကြီးရွယ်အို များပြားလာခြင်းများနှင့် ရင်ဆိုင်နေရသည်။ ဖွံ့ဖြိုးဆဲနိုင်ငံအချို့နှင့် ဖွံ့ဖြိုးမှုနည်းပါးသည့် နိုင်ငံများတွင် မွေးဖွားနှုန်းမြင့်မားလာခြင်း၊ ပညာရေးအခြေအနေနိမ့်ကျခြင်း၊ အလုပ်လက်မဲ့ ပြဿနာများ များပြားလာခြင်း၊ ဆင်းရဲနွမ်းပါးမှု များပြားလာခြင်းနှင့် ပဋိပက္ခများဖြစ်ပွားမှုများကြောင့် ဘေးဒုက္ခရောက်နေသူများ များပြားခြင်းတို့ကြောင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်ကို ပြည့်မီအောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာတစ်ဝန်း၌ ဘေးအန္တရာယ်အမျိုးမျိုးနှင့် အခက်အခဲများ၊ စိန်ခေါ်မှုများ တိုးတက်များပြား ကြုံတွေ့နေရသည်ဖြစ်ရာ ထိခိုက်လွယ်သူများကို ဖေးမကူညီကြပြီး အရေးပေါ်လာပါက စောင့်ရှောက်ကူညီကြပါရန် လေးစားစွာဖြင့် တိုက်တွန်းအပ်ပါကြောင်း။ ။

## ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင်ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားခြင်းနှင့်ပတ်သက်၍ တုံ့ပြန်ဆောင်ရွက်ထားရှိမှုများအား သတင်းထုတ်ပြန်ခြင်း

(၁၂-၇-၂၀၂၄)၊ ည (၈:၀၀)နာရီ

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် ဝမ်းပျက်ဝမ်းလျှောရောဂါလက္ခဏာများဖြင့် လူနာအချို့ဆေးရုံတက်ရောက်မှုများနှင့်ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာန၏ အနီးကပ် ကြီးကြပ်ပံ့ပိုးမှုနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်လမ်းညွှန်ပံ့ပိုးမှုတို့ဖြင့် ကွင်းဆင်းအဖွဲ့များသည် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအား ဆောင်ရွက်လျက်ရှိရာ (၁၁-၇-၂၀၂၄) ရက်နေ့၊ ည (၆:၀၀) နာရီမှ (၁၂-၇-၂၀၂၄)ရက်နေ့၊ ည (၆:၀၀)နာရီအထိ (၂၄)နာရီအတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆေးရုံများတွင် ဝမ်းပျက်ဝမ်းလျှောရောဂါဖြင့် ဆေးရုံတက်ရောက်ကုသသူ လူနာသစ်(၁၀၄)ဦးရှိခဲ့ပြီး ၎င်းတို့အနက် (၁၂)ဦးမှာ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားသူ လူနာများဖြစ်ကြောင်းနှင့် လူနာအားလုံး၏အခြေအနေမှာ သက်သာကောင်းမွန်လျက်ရှိကြောင်း တွေ့ရှိရပါသည်။ (၁၂-၇-၂၀၂၄)ရက်နေ့တွင် ရောဂါသက်သာပျောက်ကင်းသည့်လူနာ (၁၁၄)ဦးအား ဆေးရုံမှဆင်းခွင့်ပြုခဲ့သဖြင့် (၁၂-၇-၂၀၂၄)ရက်နေ့၊ ညနေ (၆:၀၀)နာရီအထိ ဝမ်းပျက်ဝမ်းလျှောရောဂါဖြင့် ဆေးရုံတက်ရောက်ခဲ့သောလူနာစုစုပေါင်း (၃၆၄)ဦးအား ဆေးရုံမှဆင်းခွင့်ပြုခဲ့ပြီးဖြစ်ပါသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအား ဆက်လက်အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## ဘီးလင်းမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်

**ဘီးလင်း ဇူလိုင် ၁၂**

မွန်ပြည်နယ် ဘီးလင်းမြို့နယ် (အလက) ညောင်ပလင်၌ ပန်းခင်းစီမံချက် (၂)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေး ကတ်ပြားများ ကွင်းဆင်း ဆောင်ရွက်ပေးခြင်းကို ဇူလိုင် ၁၀ ရက်တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးဝန်ထမ်းများက ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဘီးလင်းမြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဦးစီးမှူး ဦးဦးခင်အောင်၏ ကြီးကြပ်မှုဖြင့် တိုက်နယ်မှူး ဝန်ထမ်းများက ကျေးရွာပြည်သူနှင့် ကျောင်းသား ကျောင်းသူများအား အိမ်ထောင်စုလူဦးရေစာရင်း မိတ္တူ သုံးခုနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၁၅ ခုတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## ပေါင်မြို့နယ်၌ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေး

**ပေါင် ဇူလိုင် ၁၂**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးက ပေါင်မြို့နယ်ရှိ (အထက)ဇင်းကျိုက်တွင် ဇူလိုင် ၁၁ ရက် နံနက်ပိုင်းက ပန်းခင်းစီမံချက်အဆင့် (၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကွင်းဆင်းဆောင်ရွက်ပေးရာတွင် မြို့နယ်လဝကဦးစီးမှူး ဦးသန်းဝင်းဇော်နှင့် ဝန်ထမ်းများက အသက် ၁၀ နှစ်နှင့် ၁၈ နှစ်ကြား ကျောင်းသား ကျောင်းသူ ၂၁၀ အား နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ပေးခြင်းကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန သထုံခရိုင် ဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မောင်မြင့်က ပန်းခင်းစီမံချက်အဆင့် (၃) အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးခြင်းကို ကြည့်ရှုခဲ့ကြောင်း သိရသည်။

**မွန်မလေး (ပြန်/ဆက်)**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၂ - ၇ -၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၆၀၀ | ၈,၆၀၀ | ၇၄၀ | ၆,၁၁၂,၀၀၀ |
| MTSH | ၃,၁၅၀ | ၃,၁၅၀ | ၆,၃၄၅ | ၂၁,၂၅၅,၇၅၀ |
| MCB | ၈,၂၀၀ | ၈,၂၀၀ | ၁၃၁ | ၁,၀၇၄,၂၀၀ |
| FPB | ၁,၆၅၀ | ၁,၇၀၀ | ၃၅၆ | ၅၉၇,၄၅၀ |
| TMH | ၂,၇၀၀ | ၂,၈၀၀ | ၁၃၆ | ၃၆၈,၂၀၀ |
| EFR | ၁,၇၀၀ | ၁,၇၀၀ | ၇,၂၀၅ | ၁၂,၂၄၈,၅၀၀ |
| AMATA | ၄,၇၀၀ | ၄,၇၀၀ | ၀ | ၀ |
| MAEX | ၃,၆၅၀ | ၃,၆၀၀ | ၁၉ | ၆၈,၉၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးစိုးစိုးနိုင်
**စာတည်းမှူး** - ဦးဝင်းနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဦ
**ဘာသာပြန်** - ဦးနိုင်လင်းကြည်၊
**စာတည်းများ** ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
**အကြီးတန်း သတင်းထောက်များ** - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး ဒေါ်ခိုင်သန္တာရွှေ
**အငယ်တန်း သတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
**သုတေသန** - ဒေါ်ဇင်မာဝင့်
**စာပြင်** - ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဦးကျော်သူရနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



## ကြည့်ရှုအားပေး

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် တက်ရောက်လာကြသူများ အရာရှိ၊ စစ်သည်မိသားစုများ၏ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုအား လှည့်လည်ကြည့်ရှုအားပေးစဉ်။

○ ရှေ့ဖုံးမှ

ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ နိုင်ငံတော်ကာကွယ်ရေး တက္ကသိုလ်မှ သင်တန်းသားအရာရှိကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ရှိ ရုံးဌာနအသီးသီးမှ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (လေ)၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အခမ်းအနားတက်ရောက်လာကြသည့် အရာရှိ၊ စစ်သည် မိသားစုများနှင့်အတူ သတ်မှတ်နေရာ အသီးသီးတွင် သစ်ပင်များကို အတူတကွစုပေါင်း စိုက်ပျိုးကြသည်။ ထို့နောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် အရာရှိ စစ်သည်မိသားစုများ၏ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုအား လှည့်လည်ကြည့်ရှုအားပေးကြသည်။

**၂၀၁၁ ခုနှစ်မှ ၂၀၂၄ ခုနှစ် ဒုတိယအကြိမ် သစ်ပင်စိုက်ပျိုးပွဲ အထိ ရေဆင်းဆည် ပတ်ဝန်းကျင်၌ ရတနာတန်းဝင်ပင်၊ နှစ်ရှည်သီးနှံပင်နှင့် အရိပ်ရလေကာပင် စုစုပေါင်း ၁၉၈၈၂၅ ပင်အား စိုက်ပျိုးခဲ့ပြီးဖြစ်**

ယနေ့ပြုလုပ်သည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)

**စာမျက်နှာ ၄ သို့ ○**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ ရတနာတန်းဝင်ကျွန်းပင် စိုက်ပျိုးပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ရတနာတန်းဝင်ကျွန်းပင် စိုက်ပျိုးပေးစဉ်။



ညှိနှိုင်း ကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး ရတနာတန်းဝင်ကျွန်းပင် စိုက်ပျိုးပေးစဉ်။

ကာကွယ် ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင် ရတနာတန်းဝင် ကျွန်းပင် စိုက်ပျိုးပေးစဉ်။



○ စာမျက်နှာ ၃ မှ

မိသားစုများ၏ ဒုတိယအကြိမ် သစ်ပင်စိုက်ပျိုးပွဲတွင် ရတနာ တန်းဝင် ကျွန်းပင် ၉၀၀၊ မဟော်ဂနီပင် ၆၀၀၊ ပျဉ်းကတိုးပင် ၃၀၀၊ ပိတောက်ပင် ၆၀၀ စုစုပေါင်း အပင်၂၄၀၀ အား စုပေါင်းစိုက်ပျိုး ခဲ့ကြသည်။ ရေဆင်းဆည်ပတ်ဝန်းကျင်၌ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ် ထိန်းသိမ်းရေးအတွက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများအနေဖြင့် ၂၀၁၁ ခုနှစ်မှ ၂၀၂၄ ခုနှစ် ဒုတိယအကြိမ် သစ်ပင်စိုက်ပျိုးပွဲအထိ သစ်ပင်စိုက်ပျိုးပွဲတော် စုစုပေါင်း အကြိမ် ၄၀ ကျင်းပ၍ ရတနာ တန်းဝင်ပင်၊ နှစ်ရှည်သီးနှံပင်နှင့် အရိပ်ရလေကာပင် စုစုပေါင်း ၁၉၈၈၂၅ ပင်အား စိုက်ပျိုးခဲ့ပြီး ဖြစ်သည်။


ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ၂၀၂၄ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပစဉ်။

**တပ်မတော်**
**တစ်ရပ်လုံးအနေဖြင့် ယနေ့တွင် စုစုပေါင်းသစ်ပင် ၁၆၂၅၂၀ ကို စုပေါင်းစိုက်ပျိုးပေးနိုင်ခဲ့**

အလားတူ တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီး၌လည်း မိုးရာသီ သစ်ပင်စိုက်ပွဲများ ကျင်းပ၍ ရတနာတန်းဝင်ပင်၊ စက်မှု ကုန်ကြမ်းသီးနှံပင်၊ နှစ်ရှည်စား သုံးသီးနှံပင်၊ အရိပ်ရ လေကာပင် များကို စုပေါင်းစိုက်ပျိုးကြရာတွင် နေပြည်တော်တိုင်းစစ်ဌာနချုပ်၌ ၉၀၉၇ ပင်၊ မြောက်ပိုင်းတိုင်းစစ် ဌာနချုပ်၌ ၁၀၉၃၅ ပင်၊ အရှေ့ပိုင်း တိုင်းစစ်ဌာနချုပ်၌ ၆၂၇၄ ပင်၊ အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာန ချုပ်၌ အပင် ၁၁၈၁၀၊ တြိဂံဒေသ တိုင်းစစ်ဌာနချုပ်၌ ၁၃၁၄၃ ပင်၊ အရှေ့ တောင်တိုင်းစစ်ဌာနချုပ်၌ ၁၁၃၁၃ ပင်၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်၌ ၉၈၄၃ ပင်၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်၌ ၁၅၂၄၁ ပင်၊ အနောက်တောင် တိုင်းစစ်ဌာနချုပ်၌ အပင် ၅၄၉၀၊ အနောက်ပိုင်း တိုင်းစစ်ဌာနချုပ်၌ အပင် ၄၆၄၀၊ အနောက်မြောက် တိုင်းစစ်ဌာနချုပ်၌ ၁၂၆၆၇ ပင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၃၄၃၁၅ ပင်နှင့် တောင်ပိုင်းတိုင်း စစ်ဌာနချုပ်၌ ၁၅၃၅၂ ပင်တို့ကို တိုင်းမှူးများနှင့် တာဝန်ရှိသူများက စုပေါင်း စိုက်ပျိုးခဲ့ကြပြီး ယနေ့တွင် တပ်မတော်အနေဖြင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုဝင်များ အပါအဝင်တိုင်း စစ်ဌာနချုပ်အသီးသီး နှင့် တပ်ရင်းတပ်ဖွဲ့များ၌ စုစုပေါင်းသစ်ပင် ၁၆၂၅၂၀ ကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**


ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပစဉ်။


တြိဂံဒေသတိုင်းစစ်ဌာနချုပ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပစဉ်။

# ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ “မြန်မာ-အိန္ဒိယ-ထိုင်း သုံးနိုင်ငံ အစည်းအဝေး” သို့ ပါဝင်တက်ရောက်

**နေပြည်တော် ဇူလိုင် ၁၂**

ဒုတိယအကြိမ် ဘင်းမ်စတက်နိုင်ငံခြားရေး ဝန်ကြီးများ၏ သီးသန့်အစည်းအဝေး တက်ရောက်ရန် နယူးဒေလီမြို့သို့ ရောက်ရှိနေသည့် ဒုတိယဝန်ကြီး ချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးသန်းဆွေသည် ဇူလိုင် ၁၁ ရက် ဒေသ စံတော်ချိန် ညနေ ၅ နာရီခွဲတွင် နယူးဒေလီမြို့ရှိ တာ့ဂျ်ပဲလေ့စ်ဟိုတယ်၌ ကျင်းပခဲ့သည့် “မြန်မာ-အိန္ဒိယ-ထိုင်း သုံးနိုင်ငံ အစည်းအဝေး”သို့ ပါဝင် တက်ရောက်ခဲ့သည်။

“မြန်မာ-အိန္ဒိယ-ထိုင်း သုံးနိုင်ငံအစည်းအဝေး” သို့ အိန္ဒိယပြည်ပရေးရာဝန်ကြီး ဒေါက်တာ အက်စ် ဂျိုင်ရှန်ကာနှင့် ထိုင်းနိုင်ငံခြားရေးဝန်ကြီး မစ္စတာ မာရစ် ဆတ်ငီယမ်ဖုန်တို့ တက်ရောက်ကြသည်။

“မြန်မာ-အိန္ဒိယ-ထိုင်း သုံးနိုင်ငံ အစည်းအဝေး” ၌ ဝန်ကြီးများသည် ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုများ ပိုမိုတိုးတက် ခိုင်မာစေရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီး မြှုပ်နှံမှုအပါအဝင် ကဏ္ဍစုံ၌ အပြန်အလှန် ပူးပေါင်း ဆောင်ရွက်မှုများ မြှင့်တင်ရေး၊ ဘင်းမ်စတက်နှင့် နိုင်ငံတကာ မျက်နှာစာတွင် ပိုမိုနီးကပ်စွာ ပူးပေါင်း ဆောင်ရွက်သွားရေး ကိစ္စရပ်များအပေါ် ခင်မင် ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

အလားတူ မြန်မာ-အိန္ဒိယ-ထိုင်း သုံးနိုင်ငံ အမြန်လမ်း အကောင်အထည်ဖော်ရေးဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှုများ အပါအဝင် ပေါင်းစည်း ဆက်နွယ်ချိတ်ဆက်မှုလုပ်ငန်းများ၊ နယ်စပ်ဒေသ တစ်လျှောက် တည်ငြိမ်အေးချမ်းရေးအတွက် မြန်မာ-အိန္ဒိယ-ထိုင်းနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်သွားရေး၊ လူသားချင်းစာနာထောက်ထား မှုဆိုင်ရာ အကူအညီများပေးအပ်ရေး ကိစ္စရပ်များကို ထည့်သွင်းဆွေးနွေးခဲ့ကြပြီး တရားမဝင် မူးယစ် ဆေးဝါးနှင့် လက်နက်ရောင်းဝယ် ဖောက်ကားမှုများ၊ လူကုန်ကူးမှုများ၊ အွန်လိုင်းလိမ်လည်မှုများ တိုက် ဖျက်ရေးတို့တွင် အတူတကွ ပူးပေါင်းဆောင်ရွက်သွား ရေးအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**ရှင်းလင်းပြောကြား**

“သုံးနိုင်ငံ အစည်းအဝေး”၌ ဒုတိယဝန်ကြီးချုပ် နှင့် ပြည်ထောင်စုဝန်ကြီးသည် နိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီ ဖော်ဆောင်ရေးအတွက်ကြိုးပမ်းဆောင်ရွက်နေမှုများ နှင့် မြန်မာနိုင်ငံ၏ လက်ရှိဖြစ်ပေါ်တိုးတက်မှု အခြေ အနေများကို ထည့်သွင်းရှင်းလင်း ပြောကြားခဲ့သည်။

အဆိုပါ သုံးနိုင်ငံအစည်းအဝေးသို့ မြန်မာ ကိုယ်စားလှယ်အဖွဲ့ဝင်များဖြစ်ကြသည့် အိန္ဒိယနိုင်ငံ ဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမိုးကျော်အောင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ ပါဝင်တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**


ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ အိန္ဒိယ ပြည်ပရေးရာဝန်ကြီး ဒေါက်တာ အက်စ်ဂျိုင်ရှန်ကာနှင့် ထိုင်းနိုင်ငံခြားရေးဝန်ကြီး မစ္စတာ မာရစ်ဆတ်ငီယမ်ဖုန်တို့ စုပေါင်းမှတ်တမ်း တင်ဓာတ်ပုံရိုက်စဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၅/၂၀၂၄)သို့ တက်ရောက်အမှာစကားပြောကြား



နေပြည်တော် ဇူလိုင် ၁၂

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ လုပ်ငန်းညှိနှိုင်း အစည်းအဝေး အမှတ်စဉ် (၅/၂၀၂၄) ကို ယနေ့မွန်းလွဲပိုင်းတွင် ကာကွယ်ရေးဝန်ကြီးဌာန အစည်း အဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့ စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ် နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း တက်ရောက်အမှာ စကားပြောကြားသည်။

**တက်ရောက်**

အစည်းအဝေးသို့ ပြည်သူ့စစ်မှု ထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ အတွင်းရေးမှူး စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦး၊ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဗဟိုအဖွဲ့ အဖွဲ့ဝင်များ ဖြစ်သည့် ပြည်ထောင်စုဝန်ကြီး များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ နှင့် တာဝန်ရှိသူများ တက်ရောက် ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ စစ်မှုထမ်းဆင့်ခေါ်ရေး အဖွဲ့ဥက္ကဋ္ဌများ ဖြစ်ကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ် ဝန်ကြီးချုပ်များက အွန်လိုင်းမှ တက်ရောက်ကြသည်။

ဦးစွာ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းက ပြည်သူ့စစ်မှု ထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ အနေ ဖြင့် စတင်ဖွဲ့စည်းချိန်မှ ယခုအချိန် ထိ ဗဟိုအဖွဲ့ အစည်းအဝေး (၅) ကြိမ် ပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း၊ ပြည်သူ့စစ်မှုထမ်း နည်းဥပဒေ (ပဥ္စမမူကြမ်း)နှင့် ယင်းနည်းဥပဒေ (ပဥ္စမမူကြမ်း)အပေါ် ဥပဒေရေးရာ ဝန်ကြီးဌာနမှ ပေးပို့သည့် ပြင်ဆင်ချက်နှင့် သဘောထား မှတ်ချက်များကို ဆွေးနွေးနိုင်ရန် ဖြန့်ဝေပေးထားပြီးဖြစ်ပါကြောင်း၊ နည်းဥပဒေ (ပဥ္စမမူကြမ်း)နှင့် စပ်လျဉ်း၍ အစည်းအဝေး တက်ရောက်သူများက ကျယ်ကျယ် ပြန့်ပြန့် ဆွေးနွေးကြရန်နှင့် ပြင်ဆင် ခြင်း၊ ဖြည့်စွက်ခြင်းနှင့် အကြံပြုချက် များ ရှိပါကလည်း အမြန်ပြန်လည် တင်ပြကြရန်ဖြစ်ကြောင်း၊ ဥပဒေ ရေးရာဝန်ကြီးဌာနမှ ရေးထုံးများ ထပ်မံစိစစ်ပြီး ပြင်ဆင်ဖြည့်စွက် အကြံပြုချက်များမရှိပါက အထက် အဆင့်ဆင့်သို့ တင်ပြဆောင်ရွက် သွားမည်ဖြစ်ကြောင်း။

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီး ချုပ်က ပြည်သူ့စစ်မှုထမ်းဥပဒေ နှင့်ပတ်သက်၍ထိထိရောက်ရောက် ပီပီပြင်ပြင် အကောင်အထည်ဖော် ဆောင်ရွက်ရန်နှင့် ထိုသို့ ပြည်သူ့ စစ်မှုထမ်းဥပဒေ အကောင် အထည်ဖော် ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီး များနှင့် ဝန်ကြီးဌာနများ၊ တိုင်း ဒေသကြီး/ပြည်နယ် ဝန်ကြီးချုပ် များက မှန်မှန်ကန်ကန်နှင့် ထိထိ ရောက်ရောက် ဆောင်ရွက်နိုင်ရေး ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြ ရန် လိုကြောင်း၊ နိုင်ငံသားတိုင်း သည် အခြေခံဥပဒေအရ နိုင်ငံတော် ကာကွယ်ရေးတာဝန် ထမ်းဆောင် ရန်၊ စစ်မှုထမ်းဆောင်ရန်နှင့် စစ်ပညာသင်ကြားရန် တာဝန်ရှိ သည်ကို လမ်းညွှန်မှာကြားထား ကြောင်း။

ပြည်သူ့ စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၁)မှ(၃)အထိ ဖွင့်လှစ် နိုင်ခဲ့ပြီးဖြစ်ပါကြောင်း၊ ဖွင့်လှစ်ပြီး ခဲ့သည့်သင်တန်းများနှင့် ပတ်သက် ၍ နေပြည်တော်ကောင်စီ၊ တိုင်း ဒေသကြီးနှင့်ပြည်နယ် ပြည်သူ့ စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့များ အနေဖြင့် ရည်မှန်းချက်ပြည့်မီ အောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သည့် အပြင် အုပ်ချုပ်မှု လျော့နည်းဖြစ်စဉ် အနည်းဆုံးဖြင့် ဆောင်ရွက်နိုင်ခဲ့ သည်ကို တွေ့ရှိရကြောင်း၊ နေပြည်တော်ကောင်စီ၊ တိုင်း ဒေသကြီးနှင့်ပြည်နယ် ပြည်သူ့ စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့များ အနေဖြင့် ပြည်သူ့စစ်မှုထမ်း စာရင်းကောက်ယူရာတွင် ဥပဒေပါ သတ်မှတ်အသက် မပြည့်မီသူနှင့် အသက်ကျော်လွန်သူများ မပါရှိ စေရေး၊ ကာယကံရှင် ဆန္ဒမပါဘဲ အတင်းအကြပ် စာရင်းသွင်းခြင်း မရှိစေရေး၊ အစားထိုးပေးပို့မှုများ မရှိစေရေး၊ မြေပြင်တွင်ပြည်သူနှင့် တိုက်ရိုက်ထိတွေ့ ဆက်ဆံနေကြ သည့် ရပ်ကွက်/ကျေးရွာ အုပ်ချုပ် ရေးမှူးများက မသမာမှုများမရှိ စေရေးတို့အတွက် အလေးထား ကြပ်မတ် ဆောင်ရွက်ကြရန်နှင့် ကင်းလွတ်ခွင့်၊ လျှော့ပေါ့ခွင့်၊ ရွှေ့ဆိုင်းခွင့်များ တင်ပြမှုနှင့် ပတ်သက်၍လည်း စနစ်တကျ စိစစ်ပြီး သတ်မှတ်ချိန်အတွင်း တင်ပြကြရန် လိုအပ်ကြောင်း ပြောကြားသည်။

**ရှင်းလင်းပြောကြား**

ထို့နောက် ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးက ဖွင့်လှစ်ပြီးခဲ့ သည့် ပြည်သူ့စစ်မှုထမ်းသင်တန်း သုံးခုနှင့်စပ်လျဉ်း၍ ပြည်သူ့ စစ်မှုထမ်း ဆင့်ခေါ်ရာတွင် ကြုံတွေ့ခဲ့ရသည့် အားသာချက်၊ အားနည်းချက်များနှင့် သင်တန်း အမှတ်စဉ်(၄)အတွက် လျာထား ချက်ပြည့်မီအောင် ဖွင့်လှစ်နိုင်ရေး စီမံဆောင်ရွက်ထားရှိမှု အခြေ အနေများကို ရှင်းလင်းပြောကြား သည်။

ယင်းနောက် ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေး ဗဟိုအဖွဲ့ဝင်များ ဖြစ်ကြသည့် ပြည်ထောင်စု ဝန်ကြီးများ၊ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေး အတွင်းရေးမှူးစစ်ရေး ချုပ်၊ နေပြည်တော်ကောင်စီ၊ တိုင်း ဒေသကြီးနှင့်ပြည်နယ် ပြည်သူ့ စစ်မှုထမ်းဆင့်ခေါ်ရေး ဥက္ကဋ္ဌများ နှင့် တာဝန်ရှိသူများက ပြည်သူ့ စစ်မှုထမ်းနည်းဥပဒေ ရေးဆွဲရေး နှင့် စံပြုလုပ်ထုံးလုပ်နည်း ရေးဆွဲ ရေးဆိုင်ရာကိစ္စရပ်များ၊ ပြည်သူ့ စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ပြည်သူ့စစ်မှုထမ်း သင်တန်းများ ဖွင့်လှစ်ဆောင်ရွက် ခဲ့မှုအခြေအနေများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ကဏ္ဍအလိုက် အကြံပြု ဆွေးနွေးတင်ပြကြရာ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌက လိုအပ်သည် များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက် ပေးသည်။

ဆက်လက်၍ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းက နိဂုံးချုပ် အမှာ စကားပြောကြားရာတွင် ထပ်မံဖွင့် လှစ်မည့် ပြည်သူ့စစ်မှုထမ်း သင်တန်းများအတွက် Time Frame များ သတ်မှတ်ဖြန့်ဝေ ပေးထားပြီး ဖြစ်သည့်အတွက် ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေး လုပ်ငန်းစဉ်များကို သတ်မှတ်ချိန် အတွင်းပြီးစီးအောင် ဆောင်ရွက် နိုင်ရန် Check List များဖြင့် စစ်ဆေး ဆောင်ရွက်ရန်လိုကြောင်း၊ ပြည်သူ့ စစ်မှုထမ်းဆိုင်ရာ အချက်အလက် များကို ရပ်ကွက်/ကျေးရွာ အုပ်စု အဆင့်က မှန်မှန်ကန်ကန် ဆောင်ရွက်ရန် လိုအပ်သကဲ့သို့ တိုင်း/ ခရိုင် အဆင့်များကလည်း စနစ်တကျတာဝန်ပေး ကြပ်မတ် ရန်လိုအပ်ကြောင်း၊ ပြည်သူ့စစ်မှု ထမ်းအဖြစ် စာရင်းရေးသွင်းပြီးမှ အကြောင်းမဲ့ ပျက်ကွက်သူများ၊ ဆေးအောင်ပြီးမှ အကြောင်းမဲ့ ပျက်ကွက်သူများ၊ သင်တန်း ကျောင်းသို့ ရောက်ရှိပြီးမှ ခွင့်မဲ့ ပျက်ကွက်သူများ အတွက် သက်ဆိုင်ရာ နေပြည်တော် ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ် များမှ ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်ရန်၊ ပြည်သူ့စစ်မှုထမ်း အဖြစ် ကိုယ်ပိုင်အမှတ်ရရှိပြီးမှ ခွင့်မဲ့ပျက်ကွက်သူများအတွက် သက်ဆိုင်ရာဥပဒေနှင့် အညီ ဆောင်ရွက်ရန် ဖြစ်ကြောင်း။

**သတ်မှတ်ချိန်အတွင်းတင်ပြ**

ပြည်သူ့စစ်မှုထမ်းများ ဆင့်ခေါ် ရာတွင် အသက်မပြည့်သူများ မပါရှိစေရေး အထူးဂရုပြု ဆောင်ရွက်ကြရန် လိုကြောင်း၊ ကင်းလွတ်ခွင့်၊ လျှော့ပေါ့ခွင့်၊ ရွှေ့ဆိုင်းခွင့် တင်ပြလာမှုများကို ဗဟိုအဖွဲ့သို့ သတ်မှတ်ချိန်အတွင်း တင်ပြမှသာ သင်တန်းကျောင်းသို့ မရောက်မီ အချိန်မီခွင့်ပြုပေးနိုင် မည်ဖြစ်ကြောင်း၊ ယခင်ဖွင့်လှစ် ပြီးခဲ့သည့် သင်တန်းများ၏ အားနည်းချက်/ အားသာချက်များ ကို သုံးသပ်ပြီး နောင်ဖွင့်လှစ်မည့် ပြည်သူ့စစ်မှုထမ်း သင်တန်းများ အတွက် သတ်မှတ်လျာထားချက် များအတိုင်းပြည့်မီရေး အလေးထား ကြိုးပမ်း ဆောင်ရွက်ပေးကြရန် တိုက်တွန်း ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ကျောင်းကုန်းမြို့၌ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေး

ကျောင်းကုန်း ဇူလိုင် ၁၂

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ကျောင်းကုန်းမြို့နယ် လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနက မြေပြင်ကွင်းဆင်းလူဦးရေ စစ်ဆေးခြင်း၊ ပန်းခင်းစီမံချက် အဆင့်(၃)အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ယမန်နေ့က အမှတ်(၁)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ကွင်းဆင်းဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ရာတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်သန်း၊ မြို့နယ် လ.ဝ.က ဦးစီးမှူး ဦးလေးကိုကိုဦးနှင့် ဝန်ထမ်းများက ရပ်ကွက်နေပြည်သူများ နိုင်ငံသား စိစစ်ရေးကတ်ပြားမရသူများ တစ်ဦးချင်းအလိုက် အကွက်အပေါက် များစိစစ်ခြင်း၊ မြေပြင်ကွင်းဆင်းလူဦးရေစစ်ဆေးခြင်း၊ အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

## မိုးနဲမြို့နယ်၌ ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်း မြို့နယ်အဆင့်မိတ်ဆက်ရှင်းလင်း

မိုးနဲ ဇူလိုင် ၁၂

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ခေတ်မီစံပြကျေးရွာ (Smart Village )ထူထောင်ရေး မြို့နယ်အဆင့်မိတ်ဆက်ရှင်းလင်းခြင်း ကို ယနေ့နံနက် ၁၀ နာရီက ကျင်းပသည်။

ဦးစွာ နမ့်စန်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးခွန်မြင့်သောင်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းမြင့်တို့က အဖွင့်အမှာစကားပြောကြားခဲ့ကြပြီး မြို့နယ်ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအာကာဖြိုးက ကျေးရွာ အခြေခံအဆောက်အအုံများဖွံ့ဖြိုးစေခြင်းဖြင့် ကျေးလက်နေပြည်သူ များ၏ လူနေမှုအဆင့်အတန်းမြင့်မားလာစေရန်၊ သွင်းအားစု ငွေကြေး ဝန်ဆောင်မှုနှင့် နည်းပညာများပံ့ပိုးပေးခြင်းဖြင့် ကျေးလက်စီးပွားရေး မြင့်မားလာစေရန်၊ သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေရှိသော နေချင့်စဖွယ် စံပြကျေးရွာများဖြစ်ပေါ်လာစေရန်၊ ကျေးရွာသူ ကျေးရွာသား များနှင့် ကျေးရွာအသင်းအဖွဲ့များ စွမ်းဆောင်ရည်မြင့်မားလာစေခြင်းဖြင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုကိုဖော်ဆောင်ရန် စသည့်ရည်ရွယ်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။



ထို့နောက် တက်ရောက်လာကြသည့် သက်ဆိုင်ရာဌာန တာဝန်ရှိသူ များက သိရှိလိုသည်များမေးမြန်းကြရာ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှူးနှင့် တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ပြီး ခေတ်မီစံပြကျေးရွာကို ကွန်နားကျေးရွာအုပ်စုရှိ လွိုင်လင်းကျေးရွာတွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **မျိုးညွန့်ရွှေ(မိုးနဲ)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် ပန်းတနော်မြို့နယ် ဆုတောင်းပြည့်ကျေးရွာ၌ ကျင်းပသည့် ကောက်စိုက်စက်၊ လက်ဆွဲကောက်စိုက်စက်၊ မျိုးစေ့ချကိရိယာဖြင့် စပါးစိုက်ပျိုးခြင်း သရုပ်ပြပွဲသို့ တက်ရောက်အားပေး ကျုံတိုင်းကြီးကျေးရွာ ငါးမွေးမြူရေးကန်နှင့် ဓနုဖြူမြို့နယ် ယင်းကဒစ်ကျေးရွာရှိ အုန်းချိုမွှေးစိုက်ပျိုးရေးခြံ ကြည့်ရှုအားပေး

နေပြည်တော် ဇူလိုင် ၁၂

စက်မှုလယ်ယာ ဦးစီးဌာန အမှတ်(၅၇) စက်မှုလယ်ယာစခန်း (ပန်းတနော်)မှ ကောက်စိုက်စက်၊ လက်ဆွဲကောက်စိုက်စက်၊ မျိုးစေ့ချကိရိယာများဖြင့် စပါးစိုက်ပျိုးခြင်း သရုပ်ပြပွဲကို ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ပန်းတနော်မြို့နယ် ဆုတောင်းပြည့် ကျေးရွာရှိ တောင်သူ ဦးကျော်ငြိမ်းအေး၏ မိုးစပါးစိုက်ခင်း ငါးကေ၌ ကျင်းပသည်။

**ကြည့်ရှုအားပေး**

သရုပ်ပြပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် မန်းငြိမ်းမောင်၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့် ဒေသခံတောင်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် တာဝန်ရှိသူများသည် ကောက်စိုက်စက်၊ လက်ဆွဲကောက်စိုက်စက်၊ မျိုးစေ့ချကိရိယာဖြင့် စပါးစိုက်ပျိုးခြင်းများကို ကြည့်ရှုအားပေးပြီး ဒေသခံတောင်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံ၍ ကြဲခင်းစနစ်များ လျှော့နည်းပပျောက်ရေး၊ စိုက်ပျိုးသီးနှံစုံ ပန်းတိုင်အထွက်နှုန်း ရရှိရေးကိစ္စရပ်များကို ဆွေးနွေးသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် ပန်းတနော်မြို့နယ် ဆုတောင်းပြည့်ကျေးရွာ၌ ကျင်းပသည့် ကောက်စိုက်စက်၊ လက်ဆွဲကောက်စိုက်စက်၊ မျိုးစေ့ချကိရိယာဖြင့် စပါးစိုက်ပျိုးခြင်း သရုပ်ပြပွဲကို ကြည့်ရှုအားပေးစဉ်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပန်းတနော်မြို့နယ် ကျုံတိုင်းကြီးကျေးရွာရှိ ငါးမွေးမြူရေးလုပ်ငန်းရှင် ဦးမြင့်သန်း၏ ငါးမွေးမြူရေးကန် ၁၈၉ ဒသမ ၉၆ ဧကပေါ်ရှိ ငါးမွေးမြူရေးကန် ရှစ်ကန်၌ ငါးမြစ်ချင်း၊ ငါးခါင်းပွ၊ ငါးကြင်း စုစုပေါင်းကောင်ရေ ၉၂၀၀၀ မွေးမြူထားရှိမှုကို ကြည့်ရှုအားပေးပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် မန်းငြိမ်းမောင်က ပြည်တွင်းသာမက ပြည်ပဈေးကွက်သို့ပါ တင်ပို့ရောင်းချနိုင်ရေး၊ တိုးချဲ့မွေးမြူနိုင်ရေး၊ ပြည်တွင်းစားသုံးမှု ဖူလုံရေးကိစ္စရပ်များကို ပြန်လည်ဆွေးနွေးကာ တင်ပြချက်များအပေါ် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဓနုဖြူမြို့နယ် ယင်းကဒစ်ကျေးရွာရှိ ရေနက်ကွင်း၌ ရေတစ်ဘောင်၊ ကုန်းတစ်ဘောင် စိုက်ပျိုးနည်းစနစ်ဖြင့် အလွိုင်းကုမ္ပဏီက စိုက်ပျိုးထားရှိသော အုန်းချိုမွှေးစိုက်ပျိုးရေးခြံ ဧက ၁၈၀ သို့ သွားရောက်၍ စိုက်ပျိုးအောင်မြင် ဖြစ်ထွန်းနေမှုကို ကြည့်ရှုအားပေးပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်နှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က အုန်းချိုမွှေးလုပ်ငန်းအပြင် အုန်းသီး တန်ဖိုးကွင်းဆက်မြင့်မားရေး၊ အုန်းအခြေခံ တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရန်မှာကြားပြီး အုန်းချိုမွှေး စိုက်ခင်းအတွင်း လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်နှင့် အဖွဲ့သည် ပန်းတနော်မြို့နယ် ဘဝိုင်းကျေးရွာအုပ်စု ဥတိုကျေးရွာရှိ ထူးထက်ဟန်ကုမ္ပဏီလီမိတက် အသားတိုး ဝက်မွေးမြူရေးလုပ်ငန်းသို့ ရောက်ရှိရာ တာဝန်ရှိသူများက အသားတိုးဝက် မွေးမြူရေးလုပ်ငန်း အဆင့်ဆင့်နှင့် အလုံပိတ်လေအေးပေးစနစ်ဖြင့် မွေးမြူထားရှိမှု အခြေအနေကို ရှင်းလင်းတင်ပြကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်က သိရှိလိုသည်များကို မေးမြန်းဆွေးနွေး၍ လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်နှင့် အဖွဲ့သည် ပန်းတနော်မြို့နယ် လူထုအခြေပြုဇဟိုဌာန Community Centre ၌ ကျင်းပသည့် ၂၀၂၄-၂၀၂၅ မိုးစပါးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် သွင်းအားစုနှင့် မျိုးစေ့ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး တောင်သူများနှင့် တွေ့ဆုံကာ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်နှင့် အဖွဲ့သည် နိုင်ငံ့စီးပွား မြှင့်တင်ရေး ရန်ပုံငွေဖြင့် မိုးစပါးစိုက်ပျိုးဆောင်ရွက်သော ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တောင်သူများကို သွင်းအားစုနှင့် မျိုးစေ့များ ပေးအပ်ခြင်း၊ တိုင်းဒေသကြီးရန်ပုံငွေမှ အင်ဂျင်ပါဝါသုံး ခြောက်တန်းသွား လက်ဆွဲ ကောက်စိုက်စက် တစ်လုံးကို ပန်းတနော်မြို့နယ် စက်မှုလယ်ယာ ဦးစီးဌာနသို့ တောင်သူအကျိုးပြု လုပ်ငန်းများ ဆောင်ရွက်ရန် ပေးအပ်ခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ၂၀၂၄ ခုနှစ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ



နေပြည်တော် ဇူလိုင် ၁၂

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ၂၀၂၄ ခုနှစ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် လယ်ဝေးမြို့နယ် ရန်အောင်မြင်ကြိုးဝိုင်း အကွက်အမှတ် (၁၆) အတွင်း ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ဒုတိယဝန်ကြီး ဦးမင်းသူ၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနအကြီးအကဲများ၊ အရာထမ်း၊ အမှုထမ်းများ၊ သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက သတ်မှတ်နေရာ၌ ပျဉ်းကတိုးပင်ကို စတင်စိုက်ပျိုးပေးပြီး ဒုတိယဝန်ကြီးနှင့် တက်ရောက်လာသူများက အမျိုးသားရေးလှုပ်ရှားမှုအသွင်ဖြင့် သတ်မှတ်နေရာများ၌ ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ သက်န်း၊ တမလန်း၊ မဟော်ဂနီ၊ ယမနေစသည့် ပျိုးပင် ၁၅၀၀ စုပေါင်းစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှု အားပေးသည်။

သစ်ပင်များ စိုက်ပျိုးထိန်းသိမ်းခြင်းသည် သဘာဝဘေးအန္တရာယ်များမှ ကာကွယ်ပေးခြင်း၊ သစ်တောဖုံးလွှမ်းမှုကောင်းမွန်လာစေပြီး ရာသီဥတုမျှတသာယာခြင်း စသည့်ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုနှင့် အကျိုးကျေးဇူးများစွာ ရရှိစေသည့်အတွက် သစ်တောသယံဇာတများ ရေရှည်တည်တံ့စေရေးနှင့် သစ်ပင်များ စိုက်ပျိုးထိန်းသိမ်းပြုစုရေး လုပ်ငန်းများတွင် ပြည်သူများတက်ကြွစွာ ပူးပေါင်းပါဝင်လာစေရေးအတွက် မိုးရာသီအကြိုနှင့် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲများကို နိုင်ငံတစ်ဝန်းတွင် နှစ်စဉ်ကျင်းပလျက်ရှိရာ ယခုနှစ်တွင် လူထုလှုပ်ရှားမှုအသွင်ဖြင့် သစ်ပင်စိုက်ပျိုး ပွဲ ၁၅၀၂ ကြိမ် ပျိုးပင်ပေါင်း ၁၀၈၈၀၀၀ ကျော် စိုက်ပျိုးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ညောင်လေးပင်မြို့နယ်၌ လက်ဆွဲကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်းကွင်းသရုပ်ပြ

ညောင်လေးပင် ဇူလိုင် ၁၂

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့လမ်းညွှန်မှုဖြင့် လက်ဆွဲကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲကို ဇူလိုင် ၁၀ ရက်က ညောင်လေးပင်မြို့နယ် ဝဲဝန်းကျေးရွာရှိ တောင်သူ ဦးသန်းလှိုင်၏ လယ်မြေ ၁၂ ဧကရှိ ဆင်းသုခစပါးခင်း၌ ဆောင်ရွက်ခဲ့ကြသည်။

လက်ဆွဲကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲသို့ ညောင်လေးပင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးနှင့် ခရိုင်အဆင့်စိုက်ကြပ်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် မြို့နယ်အဆင့်စိုက်ကြပ်အဖွဲ့ဝင်များ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

**ကျွမ်းကျင်ဝန်ထမ်းများက လက်တွေ့သရုပ်ပြ စိုက်ပျိုးပေး**

မိုးစပါးစိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးနိုင်နှင့် မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှူး မြို့နယ်ဦးစီးမှူး ဦးအောင်ဆန်းနိုင်တို့က လက်ဆွဲကောက်စိုက်စက်၏ ထူးခြားချက်၊ အားသာချက်များ၊ စွမ်းဆောင်ချက်များ၊ အထွက်နှုန်းကောင်းအောင် စိုက်ပျိုးရေးနည်းစနစ်များကို ရှင်းလင်းပြောကြားကာ ကျွမ်းကျင်ဝန်ထမ်းများက လက်တွေ့သရုပ်ပြ စိုက်ပျိုးပေးကြကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**



# ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ
# အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ ကျင်းပသည့် ဒုတိယအကြိမ် ဘင်းမ်စတက် နိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေး တက်ရောက်

နေပြည်တော် ဇူလိုင် ၁၂

အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီး ဒေါက်တာ အက်စ်ဂျိုင်ရှန်ကာ၏ ဖိတ်ကြားချက်အရ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ယမန်နေ့က အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ ကျင်းပသည့် ဒုတိယအကြိမ် ဘင်းမ်စတက် နိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေးသို့ တက်ရောက်သည်။



ဒုတိယအကြိမ် ဘင်းမ်စတက် နိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေး ကျင်းပစဉ်။

**တက်ရောက်**

ဘင်းမ်စတက် နိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေးသို့ ဘင်းမ်စတက် အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များဖြစ်ကြသည့် ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာ မိုဟာမတ်ဟာဆန်မာမွတ်၊ ဘူတန်နိုင်ငံခြားရေးနှင့် ပြည်ပကုန်သွယ်ရေးဝန်ကြီး မစ္စတာ ဒီအန်ဒွန်ဂဲလ်၊ အိန္ဒိယပြည်ပရေးရာဝန်ကြီး ဒေါက်တာ အက်စ်ဂျိုင်ရှန်ကာ၊ နီပေါ နိုင်ငံခြားရေးအတွင်းဝန် မစ္စစီဝါလမ်ဆယ်လ်၊ သီရိလင်္ကာ နိုင်ငံခြားရေး ဒုတိယဝန်ကြီး မစ္စတာသာရကဘာလာဆူရီရာ၊ ထိုင်းနိုင်ငံခြားရေးဝန်ကြီး မစ္စတာ မာရစ်ဆတ်ငီယမ်ဖုန် နှင့် ဘင်းမ်စတက် အတွင်းရေးမှူးချုပ် သံအမတ်ကြီး အင်ဒရာမာနီပန်ဒေး တို့ တက်ရောက်ကြသည်။

ဘင်းမ်စတက် နိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေးအတွင်း နိုင်ငံခြားရေး ဝန်ကြီးများသည် ဘင်းမ်စတက် ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်ဆိုင်ရာ ကိစ္စရပ်များ၊ ဒေသတွင်းနှင့် ကမ္ဘာ့ရေးရာကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။




ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ဒုတိယအကြိမ် ဘင်းမ်စတက် နိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေးသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

နိုင်ငံခြားရေး ဝန်ကြီးများသည် ဘင်းမ်စတက် အဖွဲ့ဝင်နိုင်ငံများအကြား ပေါင်းစည်း ဆက်သွယ်ချိတ်ဆက်မှု ပိုမိုမြှင့်တင်သွားရေး၊ ကုန်သွယ်ရေးနှင့် စီးပွားရေးလုပ်ငန်းများ၊ ကျန်းမာရေး စွမ်းဆောင်ရည်မြှင့်တင်ရေး၊ နိုင်ငံဖြတ်ကျော်ငွေပေးချေရေးစနစ် အပါအဝင် ဒစ်ဂျစ်တယ် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေး စသည်တို့တွင် ပူးပေါင်းဆောင်ရွက်သွားရေးအပေါ် ထည့်သွင်း ဆွေးနွေးခဲ့ကြသည်။

အလားတူ အစည်းအဝေး၌ စွမ်းအင်နှင့် စားနပ်ရိက္ခာဖူလုံရေးတို့၏ အရေးကြီးမှုအပေါ် အလေးပေးပြောကြားခဲ့ပြီး ဘင်းမ်စတက် အနာဂတ်ဦးတည်ချက်များဆိုင်ရာ ထင်ပေါ်ကျော်ကြားပညာရှင်များအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် ဘင်းမ်စတက် နိုင်ငံခြားရေးဝန်ကြီးများ၏ အစည်းအဝေးများ ကျင်းပရေးတို့အပေါ် ထည့်သွင်းဆွေးနွေးခဲ့ကြသည်။

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် အစည်းအဝေးအတွင်း ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီဖော်ဆောင်ရေးအတွက် နိုင်ငံတော်အစိုးရ၏ ကြိုးပမ်းဆောင်ရွက်နေမှုများနှင့် မြန်မာနိုင်ငံ၏ လက်ရှိဖြစ်ပေါ် တိုးတက်မှုအခြေအနေများကို ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များကို ရှင်းလင်းပြောကြားခဲ့ပြီး တရားမဝင်မူးယစ်ဆေးဝါးနှင့် လက်နက်ရောင်းဝယ် ဖောက်ကားမှုများ၊ လူကုန်ကူးမှုများ၊ အွန်လိုင်းလိမ်လည်မှုများ တိုက်ဖျက်ရေးတို့တွင် အတူတကွ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်သွားရေး အပေါ်တိုက်တွန်းပြောကြားခဲ့သည်။

အိမ်ရှင် အိန္ဒိယ ပြည်ပရေးရာဝန်ကြီး ဒေါက်တာအက်စ်ဂျိုင်ရှန်ကာက ဒုတိယအကြိမ် ဘင်းမ်စတက် နိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေးသို့ တက်ရောက်လာကြသည့် နိုင်ငံခြားရေးဝန်ကြီးများနှင့် ကိုယ်စားလှယ်အဖွဲ့များကို ညနေပိုင်းတွင် နယူးဒေလီမြို့ရှိ တာ့ဂျ်ပဲလေ့စ်ဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

**အဖွဲ့ဝင်ခုနစ်နိုင်ငံပါဝင်**

ဘင်္ဂလားပင်လယ်အော် ဒေသတွင်းကဏ္ဍပေါင်းစုံ၊ နည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အစီအစဉ် (Bay of Bengal Initiatives for Multi–Sectoral Technical and Economic Cooperation – BIMSTEC) သည် ၁၉၉၇ ခုနှစ်တွင် စတင်ဖွဲ့စည်းထူထောင်ခဲ့သည့် ဒေသတွင်း အဖွဲ့အစည်းတစ်ရပ်ဖြစ်ပြီး ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ အိန္ဒိယ၊ မြန်မာ၊ နီပေါ၊ သီရိလင်္ကာနှင့် ထိုင်း စသည့် အဖွဲ့ဝင်ခုနစ်နိုင်ငံ ပါဝင်သည်။ ဘင်္ဂလားပင်လယ်အော် ဒေသတွင်းနိုင်ငံများအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်ရန်အတွက် ရည်ရွယ်ဖွဲ့စည်းထားခြင်းဖြစ်သည်။ ဘင်းမ်စတက်၏ လက်ရှိ ပူးပေါင်းဆောင်ရွက်မှုကဏ္ဍ ခုနစ်ခုရှိသည့်အနက် မြန်မာနိုင်ငံသည် ဘင်းမ်စတက် **"လယ်ယာစိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာဖူလုံရေးကဏ္ဍ"**၏ ဦးဆောင်နိုင်ငံအဖြစ် တာဝန်ယူလျက်ရှိသည်။

**သတင်းစဉ်**

---

# ရန်ကုန်တိုင်းစစ်ဌာနချုပ်၏ (၅၉)နှစ်မြောက် တိုင်းနှစ်ပတ်လည်နေ့ အခမ်းအနားပြုလုပ်

နေပြည်တော် ဇူလိုင် ၁၂

ရန်ကုန်တိုင်းစစ်ဌာနချုပ်၏ (၅၉)နှစ်မြောက် တိုင်းနှစ်ပတ်လည်နေ့ စစ်ရေးပြအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် စုပေါင်းတန်းစီကွင်း၌ ကျင်းပရာ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်း၊ တိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊တပ်ရင်း/တပ်ဖွဲ့မှူးများ၊ အရာရှိ၊ စစ်သည်၊မိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက တိုင်းနှစ်ပတ်လည်နေ့ မိန့်ခွန်းပြောကြားပြီး စစ်ရေးပြအစီအစဉ်အတိုင်း ဆက်လက်ပြုလုပ်ကြသည်။ ထို့နောက် (၅၉)နှစ်မြောက် တိုင်းနှစ်ပတ်လည်နေ့ ဆုချီးမြှင့်ခြင်း အခမ်းအနားကို တိုင်းစစ်ဌာနချုပ်ရှိ အနော်ရထာခန်းမ၌ ဆက်လက်ပြုလုပ်ရာ တိုင်းမှူးနှင့် တိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ တပ်ရင်း/တပ်ဖွဲ့မှူးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြပြီး တိုင်းမှူးနှင့်တာဝန်ရှိသူများက အရာရှိ၊ စစ်သည်၊ ရဲမေများအတွက် ဝတ်စုံများ အမှတ်တရပေးအပ်ကာ ဝတ်စားဆင်ယင်မှုနှင့် စစ်ရေးပြအကောင်းဆုံးဆုရရှိသူများ၊ အိမ်ထောင်သည်လိုင်းခန်း သန့်ရှင်းရေးအကောင်းဆုံးဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ပြီး ဗလာမပါကံစမ်းမဲများ ပြုလုပ်ကာ လက်ဆောင်ပစ္စည်းများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



(၇၇)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ်ဆောင်းပါး

# ဗိုလ်ချုပ်လမ်းစဉ် မမေ့စေချင် . . .

## ခင်သန်းမြင့်

"ကြီးကြီးရေ၊ ဒီနှစ်အာဇာနည်နေ့နဲ့ ဝါဆိုလပြည့်နေ့က ဆက်တိုက်ဖြစ်နေတော့ သူငယ်ချင်းတွေစုပြီး အာဇာနည်နေ့မှာ အာဇာနည်ခေါင်းဆောင်ကြီးတွေကို သွားရောက်ဂါရဝပြုမယ်၊ ဝါဆိုလပြည့်နေ့မှာ ရွှေတိဂုံဘုရားဖူးမယ်လို့ စိတ်ကူးထားတယ်"

တစ်နေ့က တူမလေးက ပြက္ခဒိန်ကိုကြည့်ပြီး အားတက်သရော ပြောလာသည်။ လူငယ်တွေဆိုတော့ အပျော်အပါးပါသော်ငြား အာဇာနည်ခေါင်းဆောင်ကြီးများ၏ ကျေးဇူးတရားကို သိတတ်ပြီး သွားရောက်ဂါရဝပြုကြတာ၊ ဗုဒ္ဓဘာသာဝင်များပီပီ လပြည့်၊ လကွယ် အခါကြီးရက်ကြီးများမှာ ဘုရားသွားကျောင်းတက်ကြသည်မှာ ကောင်းသည့်အလုပ်ပင်ဖြစ်သည်။

### မေ့မေ့ပျောက်ပျောက်နေမြဲအဖြစ်မျိုး မဖြစ်စေချင်

သို့ရာတွင် ကျွန်မစိတ်ထဲမှာတော့ အာဇာနည်နေ့ဆို အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းအမှူးပြုသည့် အာဇာနည်ခေါင်းဆောင်ကြီးများကို သွားရောက်ဂါရဝပြု၊ ပြီးပြန်လာ။ နောက်တော့ မေ့မေ့ပျောက်ပျောက်နေမြဲအဖြစ်မျိုး မဖြစ်စေချင်သည့်အတွက်. . .

"သမီးတို့ မျိုးဆက်သစ်လူငယ်တွေအနေနဲ့ အာဇာနည်ခေါင်းဆောင်ကြီးတွေကို အမှတ်တရ ဂါရဝပြုကြတာ ကောင်းတာပေါ့ကွယ်။ ဒါပေမဲ့ ကြီးကြီးကတော့ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းအပေါ် ပုဂ္ဂိုလ်ရေးကိုးကွယ်မှု၊ အမှတ်တရ ရုပ်တုထုဆစ်မှုလောက်နဲ့ မပြီးစေချင်ဘူး။ ဗိုလ်ချုပ်ရဲ့ အနာဂတ်နိုင်ငံတော်အတွက် ရည်မှန်းချက်တွေ၊ မျှော်မှန်းချက်တွေ၊ စိတ်ကူးအိပ်မက်တွေ၊ ကိုယ့်လူမျိုးတွေရဲ့ အချို့အားနည်းချက်တွေအပေါ် ပြင်သင့်တာပြင်ကြဖို့ မထောက်မညှာဝေဖန်ညွှန်ပြမှုတွေကို ထဲထဲဝင်ဝင်လေ့လာပြီး ပြင်သင့်တာပြင်၊ လိုက်နာသင့်တာ လိုက်နာကြရင် ပိုပြီးလက်တွေ့ကျမယ်လို့ ကြီးကြီးထင်တယ်"

အဒေါ်ဖြစ်သူ၏စကားကို တူမလေးက စိတ်ဝင်စားပုံရပါသည်။ ဘာများဆက်ပြောလေဦးမလဲဆိုသော စူးစမ်းသည့်မျက်လုံးဖြင့် ကြည့်နေသည်။ သူစိတ်ဝင်စားပုံပေါက်သည့်အတွက် ကျွန်မလည်း ဆက်ပြောမိသည်။

"ဗိုလ်ချုပ်ရဲ့ လမ်းညွှန်ချက်တွေ၊ မိန့်မှာချက်တွေထဲမှာ အချို့အချက်တွေကို သမီးတို့လူငယ်တွေ သိတန်သလောက်လည်း သိကြမှာပဲ။ ဗိုလ်ချုပ်က သူ့ကတိအတိုင်း တစ်နှစ်အတွင်း လွတ်လပ်ရေးရပြီးတဲ့အခါ နိုင်ငံတကာနဲ့ ရင်ပေါင်တန်းနိုင်စေဖို့ 'လွတ်လပ်ရေးရတဲ့အခါ ယိုးဒယားလိုဖြစ်ချင်သလား၊ တူရကီလိုဖြစ်ချင်သလား၊ အိုင်ယာလန်လိုဖြစ်ချင်သလား၊ ဆိုဗီယက်ရုရှားလိုဖြစ်ချင်သလား။ ဗမာပြည်လွတ်လပ်ရေးရတဲ့အခါမှာ ပြန်လည်ထူထောင်ရေးစီမံကိန်းများကို အမျိုးမျိုးသောနည်းများနဲ့လုပ်မှ။ ခပ်ရိုင်းရိုင်း ဗမာစကားနဲ့ပြောရရင် အတော့်ကိုပြဲအောင် ကြိုးစားလုပ်ကိုင်မှ အနှစ် ၂၀ ကျော်ကြာမှ ဗမာပြည် တော်ရုံရောက်မယ်၊ မလုပ်လို့ရှိရင် ယိုးဒယားတောင် မီမှာမဟုတ်ဘူး။ အခြားလွတ်လပ်သော တိုင်းပြည်များမှာ ခြေတစ်လှမ်းလှမ်းရင် ကိုယ်က ခြေ ၄-၅ လှမ်း လှမ်းနိုင်မှ တော်ရုံကျမယ်၊ အဲဒီလိုမလုပ်ရင် ဟိုလူလာလဲ မျက်နှာချိုသွေးရ၊ ဒီလူလာလဲ မျက်နှာချိုသွေးရနဲ့... နိုင်ငံဖြစ်မှာပဲ'လို့ သတိပေးဆော်ဩခဲ့တယ်။

"တစ်ဆက်တည်းပြောရရင် ဗိုလ်ချုပ်ဟာ အပြောသမားမဟုတ်ဘူးကွဲ့။ ဗမာပြည်ဟာ မိအေးနှစ်ခါနာဆိုသလို စစ်ဒဏ်နှစ်ကြိမ်ခံခဲ့ရပြီး ကူးသန်းရောင်းဝယ်ရေးတွေ ပျက်စီးခဲ့ရတဲ့အတွက် ပြန်လည်ထူထောင်ရေးနဲ့ပတ်သက်ပြီး ဗိုလ်ချုပ်ဟာ ၁၉၄၇ ခုနှစ် ဇွန်လ ၆ ရက်နေ့မှာ ယခင်က စာပေဗိမာန်ဖြစ်ခဲ့တဲ့ပြည်လမ်းက ဆိုရန်တိုဗီလာ အဆောက်အအုံမှာ နိုင်ငံရေးသမားတွေ၊ စီးပွားရေးသမားတွေ၊ ဌာနအသီးသီးက ပါရဂူတွေနဲ့ ကွန်ဖရင့်တစ်ရပ်ကျင်းပပြီး ပြန်လည်ထူထောင်ရေးစီမံကိန်းကို ရေးဆွဲခဲ့တယ်။ ဒီစီမံကိန်းကို တရားဝင် '၂ နှစ်စီမံကိန်း' လို့ ခေါ်ပေမယ့် လူအများစုက 'ဆိုရန်တိုဗီလာစီမံကိန်း'လို့ ခေါ်ခဲ့ကြတယ်။

"ဗိုလ်ချုပ်ကိုယ်တိုင် အင်္ဂလိပ်ဘာသာနဲ့ ရေးဆွဲထားတဲ့ စီမံကိန်းအခြေခံမူကြမ်းကို ကွန်ဖရင့်မစမီ တစ်ပတ်ခန့်ကတည်းက ကြိုတင်ပြီးဖိတ်ကြားထားသူတွေကို ဝေငှထားတယ်။ ရည်ရွယ်ချက်ကတော့ ကြိုတင်လေ့လာထားပြီး ဝေဖန်နိုင်ဖို့ဖြစ်တယ်။

"ပြန်လည်ထူထောင်ရေး အနာဂတ်လုပ်ငန်းစဉ်တွေနဲ့ပတ်သက်ပြီး ဗိုလ်ချုပ်က ချက်ချင်းဖြေရှင်းရမယ့် ကုန်ဈေးနှုန်းကျဆင်းရေး၊ အလုပ်လက်မဲ့လျော့ကျရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ နိုင်ငံငြိမ်းချမ်းသာယာရေး အပါအဝင် အချက် ၈ ချက်ကို ရှင်းလင်းတင်ပြခဲ့ပြီး ကဏ္ဍအသီးသီးအတွက် ကော်မတီများ ဖွဲ့စည်းဆောင်ရွက်ခဲ့တယ်။

"ကွန်ဖရင့်မှာ ဗိုလ်ချုပ်က အင်္ဂလိပ်ဘာသာနဲ့ မိန့်ခွန်းပြောကြားရာမှာ စာရင်းအင်းတွေနဲ့ပတ်သက်ပြီး 'ကျွန်တော်တို့ဟာ စာရင်းအင်းတွေကို အသိဉာဏ်ရှိရှိနဲ့သုံးနိုင်ဖို့၊ သုံးတတ်ဖို့၊ ဒီစာရင်းအင်းတွေရဲ့ သဘောအဓိပ္ပာယ်ကို မှန်မှန်ကန်ကန်ကောက်တတ်ဖို့လိုတယ်'လို့ သတိပေးခဲ့တယ်။

"တစ်ဆက်တည်းမှာပဲ ဗိုလ်ချုပ်က စီမံကိန်းနဲ့ပတ်သက်ပြီး 'ကျယ်ကျယ်ပြန့်ပြန့် ပြောရမယ်ဆိုရင် နေထိုင်စားသောက်ရေးနဲ့ပတ်သက်လို့ ပြည်သူလူထုမှာ အကုန်အကျသက်သာအောင်လုပ်ဖို့ အလုပ်လက်မဲ့လူတွေနည်းပါးသွားအောင်၊ ဒါမှမဟုတ်ရင်လဲ အလုပ်လက်မဲ့ ပြဿနာမရှိအောင် လုပ်ဖို့၊ လမ်းပန်းဆက်သွယ်ရေးနဲ့ သယ်ယူပို့ဆောင်ရေးတွေ၊ အိုးအိမ်တွေ ပြန်လည်ထူထောင်ရေးတွေ၊ ပညာရေးနဲ့ ကျန်းမာရေးတွေကို တိုးတက်ကောင်းမွန်လာအောင်လုပ်ဖို့၊ တိုင်းပြည်အုပ်ချုပ်ရေးကို ပြန်လည်ဖွဲ့စည်းဖို့နဲ့ တရားဥပဒေနဲ့ ငြိမ်ဝပ်ပိပြားရေးတို့ကို ပြန်လည်ထူထောင်ဖို့ စတဲ့အရေးကိစ္စတွေကိုရည်မှန်းပြီး စီမံကိန်းတွေကို ရေးဆွဲကြရလိမ့်မယ်'လို့ ပြောကြားခဲ့တယ်။

"ဒ့ါအပြင် ဗိုလ်ချုပ်က သမဝါယမအဖွဲ့တွေကို အားပေးဖို့၊ နိုင်ငံခြားတိုင်းပြည်များသို့ ငွေပင်ငွေရင်း ထွက်မသွားနိုင်အောင် နည်းလမ်းတွေ ရှာကြံတီထွင်ကြဖို့၊ ဇိမ်ခံပစ္စည်းတွေအတွက် ပိုက်ဆံတွေ သုံးနေရလို့ တင်သွင်းမှုကို လျှော့တန်လျှော့၊ ပိတ်တန်ပိတ်ဖို့၊ ရခိုင်နဲ့ နယ်ခြားဒေသတွေမှာ ပထမဦးစားပေးတာဝန်အဖြစ် လမ်းပန်းတွေဖောက်လုပ်ဖို့ ဆွေးနွေးပြောကြားခဲ့တယ်။

### နိုင်ငံခြားအရင်းအနှီးကို လက်သင့်ခံရမည်

တိုင်းပြည်စီးပွားရေးနဲ့ ပတ်သက်ရင်လည်း ဗိုလ်ချုပ်က "မြန်မာပြည်သည် အဓိကအားဖြင့် စိုက်ပျိုးရေးနိုင်ငံဖြစ်၍ အရေးကြီးသော စက်မှုလက်မှုလုပ်ငန်း အနည်းငယ်သာရှိကြောင်း၊ လယ်ယာစိုက်ပျိုးရေးကို ပြန်လည်ထူထောင်ပေးခြင်းဖြင့် နှစ်အနည်းငယ်အတွင်း မြန်မာပြည်သည် စစ်မဖြစ်မီကကဲ့သို့ ရှေ့တန်းရောက် ဆန်တင်ပို့ရောင်းချသူများနေရာသို့ ပြန်လည်ရောက်ရှိလိမ့်မည်ဟု မျှော်လင့်ကြောင်း။

"စီးပွားရေးလျင်မြန်စွာ တိုးတက်စေရန်အတွက် မြန်မာပြည်သည် နိုင်ငံခြားအရင်းအနှီး လိုမည်ဖြစ်သဖြင့် ကျွန်ုပ်တို့သည် နိုင်ငံခြားအရင်းအနှီးကို လက်သင့်ခံရမည်ဖြစ်ကြောင်း၊ နိုင်ငံခြားအရင်းအနှီးကို လက်ခံခြင်းဖြင့် နိုင်ငံခြားအရင်းရှင်များသည် သင့်တင့်သော အမြတ်အစွန်းရရှိမည်။ ကျွန်ုပ်တို့ပြည်သူ ပြည်သားများသည်လည်း အလုပ်အကိုင်ရရှိမည်။ ကျွန်ုပ်တို့စီးပွားရေးသည်လည်း တိုးတက်လာမည်ဖြစ်ကြောင်း" ၁၉၄၇ ခုနှစ် မတ်လ ၁၀ ရက်နေ့မှာ ပြုလုပ်တဲ့ မြန်မာပြည် အင်္ဂလိပ်ကုန်သည်ကြီးများအသင်း နှစ်ပတ်လည်အစည်းအဝေးမှာ ပြောကြားခဲ့တယ်။

"နိုင်ငံတော်ကာကွယ်ရေးနဲ့ ပတ်သက်ရင်လည်း ကျွန်တော်တို့တိုင်းပြည်ဟာ စစ်တိုက်တဲ့ အချိန်အခါမှာ လူတစ်သန်းလောက် စစ်တပ်အင်အားရှိမှ ကောင်းမယ်၊ လေတပ်ဆိုလို့ရှိရင်လည်း အဖျင်းဆုံး လေယာဉ်ပျံငါးရာရှိရမယ်၊ အနည်းဆုံး စစ်ဖြစ်ဖြစ်ချင်း လေယာဉ်ပျံ ငါးရာလောက် ရှိမှဖြစ်မယ်။ ဒါတောင်မှ လုံလောက်တယ်လို့ မပြောနိုင်ဘူးလို့ ဆိုခဲ့တယ်။

"ဒ့ါအပြင် လွတ်လပ်ရေးရတဲ့အခါမယ် အခွင့်အရေးတွေ ပိုလာတာရှိမယ်၊ တာဝန်လည်း ပိုလာမယ်၊ ဗမာပြည်ကာကွယ်ရေးဘို့ရာ ဗမာတွေရဲ့ အဓိကတာဝန်ဖြစ်လာမယ်။ ဟိုတုန်းကလို အေးအေးဆေးဆေး မဖြစ်ကြတော့ဘူး။ တိုင်းပြည်ကာကွယ်ဖို့ ဗမာပြည်မှာ စစ်သားတွေလိုမယ်။ အဲဒီအခါ ဗမာတိုင်း၊ အရွယ်ရောက်သူတိုင်း၊ ကျန်းမာရေးနဲ့ ပြည့်စုံသူတိုင်း စစ်ထဲမဝင်မနေရ၊ စစ်မှုမထမ်းမနေရဆိုပြီးစနစ်နဲ့ ဖြစ်လာလိမ့်မယ်။ နှစ်နှစ်တန်သည်ဖြစ်စေ၊ သုံးနှစ်တန်သည်ဖြစ်စေ စစ်ထဲမှာဝင်ရမယ်။ တိုက်ချင်မတိုက်ချင် ဝင်တိုက်ရမှာပဲ။ ဒါမှ လွတ်လပ်ရေးတာဝန်ကျေမယ်လို့ ဗိုလ်ချုပ်က သူမကွယ်လွန်မီ ရက်သတ္တပတ်၊ ၁၉၄၇ ခုနှစ် ဇူလိုင် ၁၃ ရက် နံနက်၊ ရန်ကုန်မြို့ မြို့တော်ခန်းမလေသာဆောင်ကနေပြီး လူထုပရိသတ်ကြီးကို နောက်ဆုံးမိန့်ခွန်းအဖြစ် ပြောကြားစဉ်မှာ ထည့်သွင်းပြောကြားခဲ့တယ်။

စာမျက်နှာ ၉ သို့ ☆



မေယုစစ်သင်္ဘော မြန်မာပြည်သို့လွှဲအပ်ပွဲတွင် ဗိုလ်ချုပ်အောင်ဆန်း မိန့်ခွန်းပြောကြားစဉ်။

**❝ မျိုးဆက်သစ်လူငယ်တွေအနေနဲ့ အာဇာနည်ခေါင်းဆောင်ကြီးတွေကို အမှတ်တရ ဂါရဝပြုကြတာ ကောင်းတာပေါ့ကွယ်။ ဒါပေမဲ့ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းအပေါ် ပုဂ္ဂိုလ်ရေးကိုးကွယ်မှု၊ အမှတ်တရရုပ်တုထုဆစ်မှုလောက်နဲ့ မပြီးစေချင်ဘူး။ ဗိုလ်ချုပ်ရဲ့ အနာဂတ်နိုင်ငံတော်အတွက် ရည်မှန်းချက်တွေ၊ မျှော်မှန်းချက်တွေ၊ စိတ်ကူးအိပ်မက်တွေ၊ ကိုယ့်လူမျိုးတွေရဲ့ အချို့အားနည်းချက်တွေအပေါ် ပြင်သင့်တာပြင်ကြဖို့ မထောက်မညှာဝေဖန်ညွှန်ပြမှုတွေကို ထဲထဲဝင်ဝင်လေ့လာပြီး ပြင်သင့်တာပြင်၊ လိုက်နာသင့်တာ လိုက်နာကြရင် ပိုပြီးလက်တွေ့ကျမယ် ❞**

☆ စာမျက်နှာ ၈ မှ

“တစ်ဆက်တည်းမှာပဲ ဗိုလ်ချုပ်က လူထုကို ညီညွတ်ကြဖို့၊ စည်းကမ်းရှိဖို့၊ မလျှော့တမ်းဖွဲ့နဲ့ အလုပ်လုပ်ကြဖို့၊ ခြိုးခြံချွေတာကြဖို့၊ တလွဲဆံပင်မကောင်းဖို့၊ အကျင့်ဆိုးတွေ၊ အကျင့်ဟောင်းတွေ ပြင်ကြဖို့ တိုက်တွန်းနှိုးဆော်သွားခဲ့တယ်။

“အင်း၊ ဗိုလ်ချုပ်နဲ့ပတ်သက်ရင် လေ့လာမိသလောက် ပြောစရာတွေကတော့ အများကြီးပေါ့ သမီးရယ်။ ပျင်းများပျင်းသွားပြီလား”

“မပျင်းပါဘူး ကြီးကြီး။ သမီးတို့ မသိတာတွေလည်းရှိတော့ စိတ်ဝင်စားပါတယ်။ ဗဟုသုတလည်း ရပါတယ်”

“အေးကွယ်၊ ဒါပေမဲ့ ဗဟုသုတရရုံမဟုတ်ဘဲ သမီးတို့ခေတ်အမြင် ခေတ်အတွေးနဲ့ နှိုင်းယှဉ်သုံးသပ်ကြည့်ဖို့လည်း လိုတာပေါ့နော်။ လွန်ခဲ့တဲ့ နှစ်ပေါင်း ၇၀ ကျော်က ဗိုလ်ချုပ်ရဲ့ အနာဂတ်နိုင်ငံတော်အတွက် ရည်မှန်းချက်တွေ၊ မျှော်မှန်းချက်တွေ၊ စိတ်ကူးအိပ်မက်တွေနဲ့ လက်ရှိနိုင်ငံတော်ရဲ့ အခြေအနေတွေ၊ ယုတ်စွအဆုံး တူကီယဲ၊ အိုင်ယာလန်၊ ဆိုဗီယက်ရုရှားအသာထား၊ အိမ်နီးချင်း ထိုင်း(ယိုးဒယား)နိုင်ငံကိုတောင် တို့တစ်တွေ မီပြီလား။ ဗိုလ်ချုပ် သတိပေးထောက်ပြသလို ပြည်သူတွေ ညီညွတ်ကြပြီလား၊ စည်းကမ်းရှိကြရဲ့လား၊ ခြိုးခြံချွေတာသင့်တဲ့ နေရာမှာ မခြိုးခြံမချွေတာဘဲ ဖုံးပေါလအော သုံးစွဲနေကြတုန်းပဲလား စတာတွေနဲ့ နှိုင်းယှဉ်သုံးသပ်ကြည့်ဖို့ကောင်းတာပေါ့။

## ဗိုလ်ချုပ်ချမှတ်ခဲ့တဲ့ လမ်းစဉ်ကိုမမေ့ဘဲ အမြဲအမှတ်တရနဲ့ လိုက်နာ

“ဒါကြောင့်မို့ ကြီးကြီးကတော့ သမီးတို့လို မျိုးဆက်သစ်လူငယ်တွေအနေနဲ့ အာဇာနည်နေ့ရောက်မှ၊ နီးမှ ဗိုလ်ချုပ်အောင်ဆန်းကို အမှတ်တရ သတိရကြတာထက် ဗိုလ်ချုပ်ချမှတ်ခဲ့တဲ့ လမ်းစဉ်ကိုမမေ့ဘဲ အမြဲအမှတ်တရနဲ့ လိုက်နာကြဖို့ တိုက်တွန်းနှိုးဆော်ချင်တယ်။ ဒါ့အပြင် ဗိုလ်ချုပ်ရဲ့ နိုင်ငံနဲ့ လူမျိုးအပေါ် ကောင်းစားလိုတဲ့စေတနာကို လေးစားအလေးထားတဲ့အနေနဲ့ ကိုယ့်နိုင်ငံသားအချင်းချင်း စိတ်ဝမ်းမကွဲပြားဘဲ အားလုံးစုစုစည်းစည်း ညီညီညွတ်ညွတ်နဲ့ ဗိုလ်ချုပ်မျှော်မှန်းထားတဲ့အတိုင်း နိုင်ငံတော်ရဲ့ ကောင်းကျိုးကို

**“နိုင်ငံတော်ကာကွယ်ရေးနဲ့ပတ်သက်ရင်လည်း ကျွန်တော်တို့တိုင်းပြည်ဟာ စစ်တိုက်တဲ့အချိန်အခါမှာ လူတစ်သန်းလောက် စစ်တပ်အင်အားရှိမှ ကောင်းမယ်၊ တိုင်းပြည်ကာကွယ်ဖို့ ဗမာပြည်မှာ စစ်သားတွေလိုမယ်။ အဲဒီအခါ ဗမာတိုင်း၊ အရွယ်ရောက်သူတိုင်း၊ ကျန်းမာရေးနဲ့ ပြည့်စုံသူတိုင်း စစ်ထဲမဝင်မနေရ၊ စစ်မှုမထမ်းမနေရဆိုပြီးစနစ်နဲ့ ဖြစ်လာလိမ့်မယ်။ နှစ်နှစ်တန်သည်ဖြစ်စေ၊ သုံးနှစ်တန်သည်ဖြစ်စေ စစ်ထဲမှာဝင်ရမယ်။ တိုက်ချင် မတိုက်ချင် ဝင်တိုက်ရမှာပဲ။ ဒါမှ လွတ်လပ်ရေးတာဝန်ကျေမယ်လို့ ဗိုလ်ချုပ်ကနောက်ဆုံးမိန့်ခွန်းအဖြစ်ပြောကြား”**

ကျရာကဏ္ဍက ကြိုးပမ်းဆောင်ရွက်စေချင်တယ်။ တိုင်းရင်းသားပြည်သူတွေအနေနဲ့လည်း ပင်လုံမြေမှာ အရင်းတည်ခဲ့တဲ့ ပြည်ထောင်စုစိတ်ဓာတ်နဲ့အညီ တိုင်းရင်းသားအားလုံး ဥမကွဲသိုက်မပျက်၊ အေးအတူပူအမျှ အတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်စေချင်တယ်ကွယ်”

ဩော်၊ ဘာလိုလိုနဲ့ ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သည်မှာ (၇၇)နှစ်တောင်ရှိပြီ၊ မြန်မာပြည်လွတ်လပ်ရေးရခဲ့တာလည်း (၇၆)နှစ်ရှိခဲ့ပြီကော။ ။

# အသိပေးနှိုးဆော်ချက်

၁။ ၂၀၂၄ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့တွင် ကျင်းပပြုလုပ်မည့် (၇၇)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်တွင် ကျင်းပပြုလုပ်မည်ဖြစ်ရာ အခမ်းအနားကျင်းပမည့် နံနက် ၄ နာရီအချိန်မှ အခမ်းအနားပြီးဆုံးသည်အထိ အနောက်ရွှေဂုံတိုင်လမ်းအား ရေတာရှည်လမ်းဟောင်းမှလည်းကောင်း၊ ရွှေဂုံလမ်းအား ဓမ္မစေတီ-ရွှေဂုံလမ်းဆုံမှလည်းကောင်း၊ အာဇာနည်လမ်းအား အနောက်ရွှေဂုံတိုင်လမ်းမှ ဦးထောင်ဘိုလမ်းအထိလည်းကောင်း၊ ဦးဝိစာရလမ်းအား ဦးဝိစာရအဝိုင်းမှ ဦးဝိစာရ-ဓမ္မစေတီလမ်းဆုံအထိလည်းကောင်း လမ်းပိတ်/လမ်းလွှဲ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက် ဖွင့်လှစ်ပြသမည့် ၁၉-၇-၂၀၂၄ ရက်နေ့ ၀၅:၀၀ အချိန်မှ ၁၈:၀၀ အချိန်အထိ နတ်မောက်လမ်းအား ဝက်ပါလမ်းဆုံမှ ဖိုးစိန်လမ်းဆုံထိလည်းကောင်း၊ ဗိုလ်ချုပ်ပြတိုက်လမ်းအား ငါးထပ်ကြီးဘုရားလမ်းဆုံနှင့် စောမဟာလမ်းဆုံမှလည်းကောင်း၊ ဗိုလ်ချိုလမ်းအား ရွှေကြက်ယက်လမ်းနှင့်ဆုံရာမှလည်းကောင်း လမ်းပိတ်/လမ်းလွှဲ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၃။ အတွင်းဝန်ရုံးတွင် အလံတင်အခမ်းအနားကျင်းပမည့် ၁၉-၇-၂၀၂၄ ရက်နေ့ ၀၅:၀၀ အချိန်မှ ၁၈:၀၀ အချိန်အထိ သိမ်ဖြူလမ်းအား ဗိုလ်ချုပ်လမ်းဆုံမှ ကုန်သည်လမ်းဆုံအထိလည်းကောင်း၊ အနော်ရထာလမ်းအား ဗိုလ်မြတ်ထွန်းလမ်းဆုံမှလည်းကောင်း၊ မဟာဗန္ဓုလလမ်းအား ပန်းဆိုးတန်းလမ်းဆုံမှလည်းကောင်း၊ ဗိုလ်အောင်ကျော်လမ်းအား ကုန်သည်လမ်းဆုံမှလည်းကောင်း လမ်းပိတ်/လမ်းလွှဲ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ယာဉ်မောင်းသူပြည်သူများအနေဖြင့် အခမ်းအနားကျင်းပစဉ် လမ်းပိတ်/ လမ်းလွှဲဆောင်ရွက်နေသည့်အချိန်များတွင် အခြားသင့်လျော်သောလမ်းများမှ မောင်းနှင်သွားလာကြပါရန် ကြိုတင်အသိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့




## ပဲခူးမြို့၌ (၇၇)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် ဟောပြောပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲနှင့် ကဗျာပြိုင်ပွဲများ ကျင်းပ

ပဲခူး ဇူလိုင် ၁၂

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်း၌ ဇူလိုင် ၁၁ ရက်က (၇၇)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် ဟောပြောပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲနှင့် ကဗျာပြိုင်ပွဲများကို ကျင်းပခဲ့သည်။

ဦးစွာ အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်သန္တာကျော်က အဖွင့်အမှာစကားပြောကြားပြီး အလယ်တန်းပြဆရာမ ဒေါ်စန္ဒာအေးက အာဇာနည်နေ့ဖြစ်ပေါ်လာပုံနှင့် အာဇာနည်ခေါင်းဆောင်ကြီးများကို အားကျအတုယူ၍ ကြိုးစားကြရန် ဟောပြောခဲ့သည်။

ထို့နောက် စာစီစာကုံးပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲနှင့် ကဗျာပြိုင်ပွဲများကိုကျင်းပရာ အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၅၁ ဦး၊ အလယ်တန်းအဆင့် ၃၁ ဦး၊ မူလတန်းအဆင့် ငါးဦး စုစုပေါင်း ၈၇ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား ဆုချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ဇေယျာသီရိမြို့နယ်၌ (၇၇)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်ပြိုင်ပွဲများ ကျင်းပ

ဇေယျာသီရိ ဇူလိုင် ၁၂

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းအခြေခံပညာအထက်တန်းကျောင်း၌ (၇၇)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် ဟောပြောပွဲ၊ ဆောင်းပါး၊ စာစီစာကုံး၊ ကဗျာရွတ်ဆိုပြိုင်ပွဲများကို ဇူလိုင် ၁၀ ရက်က ကျင်းပသည်။



အခမ်းအနားတွင် ရေဆင်းအခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဖုန်းဆင့်က ကျောင်းသား ကျောင်းသူများအနေဖြင့် မြန်မာနိုင်ငံ၏နေ့ထူးနေ့မြတ်များ ပိုမိုသိရှိလာစေရန်နှင့် အာဇာနည်နေ့ကို အစဉ်အမြဲသတိတရရှိစေရန် ယခုလိုဟောပြောပွဲနှင့် ပြိုင်ပွဲများ ပြုလုပ်ပေးခြင်းဖြစ်ကြောင်း ပြောကြားခဲ့ပြီး ဆရာမ ဒေါ်သင်းသင်းအောင်က အာဇာနည်နေ့ ဖြစ်ပေါ်လာပုံသမိုင်းအကျဉ်း၊ မြန်မာတစ်မျိုးသားလုံးအတွက် အားကျအတုယူ မမေ့သင့်သည့် ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ အတ္ထုပ္ပတ္တိအကြောင်း၊ အာဇာနည်စိတ်ဓာတ်အကြောင်းတို့ကို ဟောပြောခဲ့ရာ ကျောင်းသားကျောင်းသူများ၏ အာဇာနည်နေ့အကြောင်း သိရှိလိုသည့်မေးမြန်းချက်များအား ပြန်လည်ဖြေကြားပေးပြီး (၇၇)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် ခင်းကျင်းပြသထားသည့် နံရံကပ်စာစောင်များအား လိုက်လံရှင်းလင်းပြသသည်။

ယင်းနောက် အာဇာနည်နေ့အထိမ်းအမှတ် ဆောင်းပါး၊ စာစီစာကုံး၊ ကဗျာရွတ်ဆိုပြိုင်ပွဲများ ဆက်လက်ကျင်းပပေးခဲ့ပြီး ပြိုင်ပွဲတွင် ဆုရရှိသည့် ကျောင်းသားကျောင်းသူများအား ကျောင်းအုပ်ဆရာမကြီးနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ကြောင်း သိရသည်။ **ထွန်းလင်း(ဇေယျာမြေ)**

## တာချီလိတ်မြို့၌ (၇၇)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲကျင်းပ

တာချီလိတ် ဇူလိုင် ၁၂

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့၌ (၇၇)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် မြို့နယ်အဆင့် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီက အခြေခံပညာအထက်တန်းကျောင်း (တာချီလိတ်)၌ ကျင်းပသည်။



အဆိုပါပြိုင်ပွဲကို အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့် ကျင်းပခြင်းဖြစ်ပြီး ပြိုင်ပွဲသို့ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူ ၆၀ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြရာ မြို့နယ်ပညာရေးမှူးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

သန်းဇော်(တာချီလိတ်)

# မြန်မာ့အနာဂတ်ရောင်နီဦး သို့မဟုတ် ၂၀၂၅ အထွေထွေရွေးကောက်ပွဲကြီး ကျင်းပနိုင်ရေးမျှော်လင့်ချက်

သျှင်မေ

**၂၀၂၄ ခုနှစ် ဇွန်လဒုတိယပတ်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က မိတ္ထီလာမြို့မှာ ဌာနဆိုင်ရာဝန်ထမ်းတွေ၊ မြို့မိမြို့ဖဒေသခံတွေနဲ့ တွေ့ဆုံစဉ် ၂၀၂၅ ခုနှစ်အတွင်း လွတ်လပ်၍တရားမျှတတဲ့ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကို ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်နေပြီဖြစ်ကြောင်း ပြောကြားသွားခဲ့ပါတယ်။ နိုင်ငံရေးကိုအကြောင်းပြုပြီး ဆောင်ရွက်ရမယ့်လုပ်ငန်းတွေကို ဆောင်ရွက်ခြင်းမရှိရင် တိုးတက်မှုတွေနောက်ကျနေခဲ့မယ်လို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ထည့်သွင်းပြောကြားခဲ့ပါတယ်။**

နိုင်ငံတော်ဝန်ကြီးချုပ်က ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီး ကျင်းပမယ်ဆိုပြီး ပြောကြားတာက ယခုမှ ပြောကြားတဲ့စကားရပ်မဟုတ်ပါဘူး။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်းပြီး နိုင်ငံတော်တာဝန်ကို ထမ်းဆောင်စဉ်ကာလ ကနဦးကတည်းက လမ်းပြမြေပုံငါးချက်မှာ အရေးအကြီးဆုံး ဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရဲ့ အန္တိမရည်မှန်းချက်ပဲဖြစ်ပါတယ်။ တပ်မတော်အနေနဲ့ နိုင်ငံတော်ရဲ့ အရေးပေါ်ကာလကို တာဝန်ယူထားရချိန် တစ်လျှောက်လုံးရဲ့ ရည်မှန်းချက်ပန်းတိုင်ကိုက စစ်မှန်ပြည့်ဝတဲ့ ရွေးကောက်ပွဲကြီး ပြန်လည်ကျင်းပပြီး နိုင်ငံတော်ကို ပိုမိုမြင့်မားတဲ့ အနာဂတ်ဖန်တီးပေးလိုတာပါ။

**မည်သို့သောအခက်အခဲ၊ အကျပ်အတည်းမျိုးတွေကမှ တပ်မတော်ရဲ့ စေတနာ၊ နိုင်ငံတော်ရဲ့ မျှော်လင့်ချက်ပန်းတိုင်၊ ပြည်သူတွေရဲ့ တောင့်တမှုအစစ်အမှန်တွေကို မတားဆီးနိုင်တော့ဘဲ လာမယ့် ၂၀၂၅ ခုနှစ်မှာ နိုင်ငံရေးအခင်းအကျင်းသစ်တွေနဲ့ ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲကြီးကို ကျင်းပဖို့ ပြင်ဆင်နေပြီဆိုတဲ့သတင်းက ပြည်သူတွေအတွက်တော့ မျှော်လင့်ချက်ရောင်နီဦး ဖြစ်ပါတယ်။**

ရွေးကောက်ပွဲကြီး အောင်အောင်မြင်မြင်ကျင်းပနိုင်ဖို့အတွက် နိုင်ငံတော်အစိုးရက ကြိုးပမ်းနေသလို နိုင်ငံရေးပါတီတွေကလည်း ပြည်သူအားကိုးအားထားပြုရလောက်တဲ့ ပြည်သူ့ကိုယ်စားလှယ်တွေဖြစ်အောင်၊ ပြည်သူယုံကြည်လောက်တဲ့ စံပြကိုယ်စားလှယ်လောင်းတွေကို ပြည်သူအသိအမှတ်ပြုအောင် လက်တွေ့သက်သေပြကြရမှာဖြစ်သလို ပြည်သူတွေကိုယ်တိုင်ကလည်း မိမိတို့နိုင်ငံရဲ့ ကောင်းမွန်တဲ့အနာဂတ်အတွက် ပူးပေါင်းပါဝင်ပေးကြဖို့ လိုအပ်ပါတယ်။

ရွေးကောက်ပွဲ ကော်မရှင်အနေနဲ့လည်း ရုပ်ဆိုးအကျည်းတန်ပြီး သမိုင်းမလှခဲ့ရတဲ့ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲရဲ့ မဲလိမ်မဲခိုး ဖြစ်ရပ်ဆိုးတွေကို သတိပြုဆင်ခြင်လို့ အကောင်းဆုံး ပြင်ဆင်မှုတွေနဲ့ သမိုင်းဝင်ရွေးကောက်ပွဲအတွက် စစ်မှန်ပြည့်ဝတဲ့ ရွေးကောက်ပွဲကြီးဖြစ်လာစေဖို့ ကြိုးပမ်းရမယ့် အချိန်ကောင်းဖြစ်ပါတယ်။

**အများမျှော်လင့်တဲ့ရွေးကောက်ပွဲ**

အခုလို အထွေထွေရွေးကောက်ပွဲကျင်းပဖို့ နိုင်ငံတော်က ကြိုးပမ်းနေတာကို ကြိုဆိုထောက်ခံတဲ့ နိုင်ငံရေးပါတီအများအပြားရှိပြီး ပြည်သူအများစုကလည်း ဒီမိုကရေစီလမ်းကြောင်းပေါ် ပြန်လည်ရောက်ရှိနိုင်တော့မယ့် နေ့ရက်များအတွက် ရင်ခုန်စိတ်လှုပ်ရှားနေကြပါပြီ။ **“ကြိုဆိုပါတယ်။ ဘာကြောင့်လဲဆိုရင် ဒီအတိုင်းကြီးသွားနေလို့ မရပါဘူး”** လို့ **ပြည်သူ့ရှေ့ဆောင်ပါတီ ယာယီဥက္ကဋ္ဌ ဦးမြင့်မောင်ထွန်း**က တွေ့ဆုံမေးမြန်းမှုတစ်ခုမှာ ဖြေကြားထားခဲ့ပါတယ်။

ရွေးကောက်ပွဲကော်မရှင်အနေနဲ့ ရွေးကောက်ပွဲကျင်းပနိုင်ဖို့ ကြိုတင်ဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်တွေကို အရှိန်မြှင့်ဆောင်ရွက်နေတာကိုလည်း မြင်တွေ့ရပါတယ်။ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲမှာဖြစ်ပွားခဲ့တဲ့ မဲစာရင်းမှားယွင်းမှုတွေကို စစ်ဆေးဆောင်ရွက်ပြီးချိန်ကနေစတင်ပြီး မဲဆန္ဒရှင်စာရင်း ပြည့်စုံမှန်ကန်ရေးအတွက် အလေးထား လုပ်ဆောင်လျက်ရှိပါတယ်။ ရွေးကောက်ပွဲအကြိုလုပ်ငန်းတွေ ဆက်တိုက်လုပ်ဆောင်နေပြီး ဝန်ထမ်းတွေကိုလည်း ရွေးကောက်ပွဲလုပ်ငန်းစဉ်တွေ၊ ရွေးကောက်ပွဲဆိုင်ရာဥပဒေ၊ နည်းဥပဒေနဲ့ မဲရုံဆိုင်ရာ လုပ်ငန်းလမ်းညွှန်၊ လုပ်ထုံးလုပ်နည်းတွေကို နှံ့စပ်ကျွမ်းကျင်စေရန် လေ့လာကြဖို့ ဇူလိုင် ၇ ရက်က မဲဆန္ဒရှင်များစာရင်း စီမံခန့်ခွဲမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲအတွင်းမှာ **ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကိုက** ပြောကြားခဲ့ပါတယ်။

**ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရဲ့ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေအရ လက်ရှိမှာ မှတ်ပုံတင်လျှောက်ထားတဲ့ နိုင်ငံရေးပါတီပေါင်း ၇၀ ဝန်းကျင်ရှိပြီး မှတ်ပုံတင်ခွင့်ပြုချက်ရရှိတဲ့ ပါတီက ၄၉ ပါတီဝန်းကျင်ရှိနေတယ်လို့ သိရှိရပါတယ်။**

အခက်အခဲများရှိနိုင်သော်လည်း မိမိတို့နိုင်ငံမှာ မြို့နယ် ၃၃၀ ရှိတဲ့အတွက် စစ်မက်ဖြစ်ပွားနေတဲ့ မြို့နယ်တွေကိုချန်လှပ်ပြီး ကျန်မြို့နယ်တွေမှာ ရွေးကောက်ပွဲကို လုပ်လို့ရနိုင်ကြောင်းနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ဘယ်လောက်မြို့နယ်တွေကို လုပ်နိုင်မှ ရွေးကောက်ပွဲလုပ်ရမယ်ဆိုပြီး ပြဋ္ဌာန်းမထားကြောင်း **လွှတ်တော်ကိုယ်စားလှယ်ဟောင်း ဒေါ်စန္ဒာမင်း**က ဆိုပါတယ်။ သူက “ **ပီအာစနစ်ကို ကျင့်သုံးမှာဖြစ်လို့ လုပ်နိုင်တဲ့နေရာတွေမှာ လုပ်သွားရင် ရွေးကောက်ပွဲဖြစ်သွားမယ်လို့ ပြောနိုင်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ မဲဆန္ဒနယ် ၃၃၀ ရှိပါတယ်။ မဖြစ်မနေကျင်းပရမယ့် မဲဆန္ဒနယ် အနည်းဆုံးအရေအတွက်ဆိုပြီး ဖွဲ့စည်းပုံမှာလည်း သတ်မှတ်ထားတာမရှိတဲ့အတွက် ၂၀၂၅ ခုနှစ် ရွေးကောက်ပွဲကျင်းပနိုင်မယ်ဆိုတာ ယုံကြည်တယ်**”လို့ သုံးသပ်ဆွေးနွေးမှုတွေကို သတင်းမီဒီယာတွေပေါ်မှာ တွေ့ရှိခဲ့ရပါတယ်။

> **ဒီမိုကရေစီစနစ်မှာ နိုင်ငံရေးပါတီတွေက အဓိကအရေးကြီးပြီး နိုင်ငံရေးပါတီတွေရဲ့ အရည်အချင်းရှိတဲ့ ကိုယ်စားလှယ်လောင်းတွေကို စနစ်တကျ ရွေးထုတ်နိုင်မှသာ အစိုးရကောင်းကို လွှတ်တော်က မွေးဖွားပေးနိုင်မှာဖြစ်ပါတယ်။ နိုင်ငံရေးပါတီတွေဟာ ပြည်သူလူထုအကျိုးစီးပွားအတွက် ပညာရေး၊ ကျန်းမာရေး၊ အခြေခံအဆောက်အအုံများဖွံ့ဖြိုးရေး၊ အလုပ်အကိုင်ရရှိရေး၊ တိုင်းပြည်တည်ငြိမ်ရေးအတွက် တာဝန်ရှိသကဲ့သို့ ဒေသတွင်းက တိုင်းရင်းသားပြည်သူလူထုကို စောင့်ရှောက်ကြရမယ့်လူများဖြစ်**

**နိုင်ငံရေးထွက်ပေါက်မဟုတ်သော လမ်းပြမြေပုံအရထွက်ပေါ်လာမယ့် ရွေးကောက်ပွဲ**

ပြည်ပအခြေစိုက် သတင်းမီဒီယာအချို့နဲ့ ပြည်ပြေးသစ္စာဖောက်မီဒီယာတွေမှာတော့ ၂၀၂၅ ခုနှစ်မှာ အထွေထွေရွေးကောက်ပွဲ မကျင်းပနိုင်ဘူးဆိုတဲ့ အဖျက်လှုံ့ဆော်မှုတွေ၊ တပ်မတော်အနေနဲ့ ကျဉ်းထဲကျပ်ထဲရောက်ရှိနေတဲ့အချိန် ထွက်ပေါက်အဖြစ် အသုံးချမယ့်ရွေးကောက်ပွဲ စသည်ဖြင့် လိုရာဆွဲ ပုံဖော်ရေးသားနေကြတာကိုလည်း မြင်တွေ့ရပါတယ်။ အမှန်တော့ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲကာလမှာ မဲမသမာမှုတွေကို အချို့သော မီဒီယာသမားများက သိမြင်ခဲ့ကြကြောင်း သတင်းထောက်အချို့က ထုတ်ဖော်ပြောကြားခဲ့ဖူးပါတယ်။ သို့သော် အင်အားကြီးပါတီနဲ့ အပေါင်းအပါတွေကြောင့် နှုတ်ဆိတ်နေခဲ့ကြရတယ်လို့ သိရပါတယ်။

ပြည်ပြေးမီဒီယာတွေအနေနဲ့ လွန်ခဲ့တဲ့ သုံးနှစ်တာကာလ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှာ ကျင်းပတဲ့ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ(ကာ / လုံ အစည်းအဝေး) အစည်းအဝေးမှာ နိုင်ငံတော်ယာယီသမ္မတ ဦးမြင့်ဆွေ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နဲ့ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီအဖွဲ့ဝင်တွေ တက်ရောက်ခဲ့တဲ့ သတင်းထုတ်ပြန်ချက်ကို ပြန်လည်ဖတ်ရှုသင့်ပါတယ်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ယာယီသမ္မတကို ဆွေးနွေးတင်ပြရာမှာ “နိုင်ငံတော်တာဝန်ဆောင်ရွက်ခြင်းအား ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပါ ပြဋ္ဌာန်းချက်များနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ကျော်လွန်ခြင်းမရှိတဲ့ တည်ဆဲဥပဒေများအတိုင်း လိုက်နာဆောင်ရွက်သွားမှာဖြစ်ပြီး **စစ်မှန်၍ စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်နဲ့ တည်ဆောက်သွားမှာဖြစ်တဲ့အပြင် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနဲ့အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်၍ တရားမျှတသော အထွေထွေရွေးကောက်ပွဲအား ကျင်းပပေးသွားမှာဖြစ်ပြီး အနိုင်ရရှိတဲ့ပါတီကို နိုင်ငံတော်တာဝန်လွှဲပြောင်းပေးအပ်သွားမယ်”** လို့ အတိအလင်း တင်ပြဆွေးနွေးခဲ့သလို ပြည်သူလူထု သိရှိအောင် သတင်းထုတ်ပြန်ထားပြီး ဖြစ်ပါတယ်။

**တာဝန်ကြီးလွန်းသည့် နိုင်ငံရေးပါတီများ**

ရွေးကောက်ပွဲကျင်းပမယ့်အပေါ် **ပြည်သူ့ပါတီဥက္ကဋ္ဌ ဦးကိုကိုကြီး**က **“ရွေးကောက်ပွဲကျင်းပရာမှာ ကျင်းပနိုင်မယ့်နေရာတွေမှာ စတင်လုပ်ဆောင်မယ်လို့ယူဆပြီး နိုင်ငံရေးပါတီများအနေနဲ့လည်း မှတ်ပုံတင်ရုံနဲ့မပြီးဘဲ ပြည်သူများအတွက် သိသာထင်ရှားတဲ့ ပြုပြင်ပြောင်းလဲမှုတွေနဲ့ မျှော်လင့်ချက်တွေ ပေးအပ်နိုင်ဖို့ လိုအပ်ကြောင်းနဲ့ ပြည်သူက နိုင်ငံရေးကို ယုံကြည်လာကာ ပရော်ဖက်ရှင်နယ်နိုင်ငံရေးသမားတွေအဖြစ် ပြည်သူလူထုရဲ့အခက်အခဲတွေကို ကိုယ်စားပြုပြီး ဆွေးနွေးတာ၊ ရလဒ်ကောင်းတွေရတာမျိုးကို ကြိုးစားသင့်တယ်**”လို့ သူ့အမြင်ကို ထုတ်ဖော်ပြောကြားထားတာရှိပါတယ်။

ဒီမိုကရေစီစနစ်မှာ နိုင်ငံရေးပါတီတွေက အဓိကအရေးကြီးပြီး နိုင်ငံရေးပါတီတွေရဲ့ အရည်အချင်းရှိတဲ့ ကိုယ်စားလှယ်လောင်းတွေကို စနစ်တကျ ရွေးထုတ်နိုင်မှသာ အစိုးရကောင်းကို လွှတ်တော်က မွေးဖွားပေးနိုင်မှာဖြစ်ပါတယ်။ နိုင်ငံရေးပါတီတွေဟာ ပြည်သူလူထုအကျိုးစီးပွားအတွက် ပညာရေး၊ ကျန်းမာရေး၊ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးရေး၊ အလုပ်အကိုင်ရရှိရေး၊ တိုင်းပြည်တည်ငြိမ်ရေးအတွက် တာဝန်ရှိသကဲ့သို့ ဒေသတွင်းက တိုင်းရင်းသားပြည်သူလူထုကို စောင့်ရှောက်ကြရမယ့်လူများ ဖြစ်ပါတယ်။

**နိုင်ငံတကာမှာလည်း နိုင်ငံရေးပါတီတွေက နိုင်ငံရဲ့သမိုင်းကြောင်း၊ ပထဝီနိုင်ငံရေးတို့ကို အခြေခံပြီး ခိုင်မာတဲ့မူဝါဒတွေချမှတ်လို့ အင်အားတောင့်တင်းအောင်တည်ဆောက်ပြီး ပြည်သူ့အကျိုးပြုနေကြတာကို တွေ့ရှိရပါတယ်။ ကမ္ဘာပေါ်မှာ နိုင်ငံပေါင်း ၂၆၅ နိုင်ငံအနက် ပါတီစုံစနစ်ကျင့်သုံးတဲ့နိုင်ငံ ၁၂၀ ကျော်၊ အင်အားကြီးပါတီအချို့ရဲ့ အလွှမ်းမိုးခံ ပါတီစုံစနစ်ကျင့်သုံးတဲ့ နိုင်ငံ ၅၀ ကျော် ရှိပါတယ်။ တစ်ပါတီဦးဆောင်တဲ့ နိုင်ငံရေးပါတီစနစ်ကျင့်သုံးတဲ့နိုင်ငံ ကိုးနိုင်ငံရှိပါတယ်။ ဘယ်လိုစနစ်ကျင့်သုံးတာဖြစ်စေ နိုင်ငံရဲ့အမျိုးသားအကျိုးစီးပွားနဲ့ အချုပ်အခြာအာဏာကို နိုင်ငံရေးပါတီတွေက ထိန်းသိမ်းကာကွယ်ကြဖို့ တာဝန်ရှိပါတယ်။**

**နိုင်ငံရေးအားကောင်းတဲ့ ပါတီတွေအနေနဲ့ ယခုအခင်းအကျင်းမှာ ပါဝင်လာသင့်ပြီး သို့မှသာ တိုင်းပြည်ပြဿနာတွေကို ဖြေရှင်းနိုင်တဲ့ အင်အားစုတွေ ကျယ်ပြန့်လာနိုင်တယ်** လို့ သုံးသပ်သူတွေလည်း ရှိပါတယ်။ နိုင်ငံရေးကျွမ်းကျင်သူအချို့ကတော့ ၂၀၂၅ ခုနှစ်ရွေးကောက်ပွဲက အစိုးရရဲ့ ထွက်ပေါက်မဟုတ်ဘဲ ပြည်သူတွေရဲ့ လူမှုစီးပွားဘဝတွေပြန်လည်ဦးမော့လာစေဖို့ အမြန်ဆုံးကျင်းပနိုင်ဖို့ မျှော်လင့်နေကြပါတယ်။

**ရွေးကောက်ပွဲအခင်းအကျင်းသစ်**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ က ရွေးကောက်ပွဲကျင်းပနိုင်မယ့် အခင်းအကျင်းနှစ်မျိုးနဲ့ ဖြစ်လာနိုင်တဲ့အကျိုးဆက်တွေကို ၂၀၂၃ ခုနှစ် ဇူလိုင်လ ၃၁ ရက်နေ့ကကျင်းပတဲ့အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး (၂/၂၀၂၃) မှာ ထည့်သွင်းပြောကြားထားခဲ့ပါတယ်။ ထို့အတူ ယခုနှစ် မတ်လအတွင်းမှာ ပြည်ပမီဒီယာနဲ့တွေ့ဆုံမေးမြန်းမှုမှာတော့ နိုင်ငံအတွင်း တည်ငြိမ်အေးချမ်းတဲ့ ဒေသတွေမှာ ရွေးကောက်ပွဲကို အပိုင်းလိုက် ပြန်လည်ကျင်းပသွားဖို့ရှိတယ်လို့ ဖြေကြားခဲ့ပါတယ်။**

ရွေးကောက်ပွဲကြီးကို အောင်အောင်မြင်မြင် ကျင်းပနိုင်ဖို့အတွက် ကာကွယ်တဲ့ဥပဒေတွေကိုလည်း ရေးဆွဲပြဋ္ဌာန်းထားသင့်တယ်လို့ နိုင်ငံရေးကျွမ်းကျင်သူများက အကြံပြုကြပါတယ်။ ထို့အတူ ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးမှုတွေကိုလည်း လုံခြုံတဲ့ဒေသတွေမှာသာ စည်းရုံးတာ၊ မီဒီယာပလက်ဖောင်းတွေနဲ့ အွန်လိုင်းကနေ စည်းရုံးတာ စတဲ့ ရွေးကောက်ပွဲမဲဆွယ်စည်းရုံးမှု ပုံစံအသစ်တွေကို ချမှတ်ထားသင့်တယ်လို့ ယူဆသူတွေလည်း ရှိပါတယ်။

**တစ်ချိန်က ရွေးကောက်ပွဲပြန်လည်ကျင်းပမှာကို ဆိုးဆိုးရွားရွား ကန့်ကွက်သံတွေ ညံခဲ့ကြပေမယ့် အချိန်ကာလအပြင် လက်ရှိနိုင်ငံရေးအခြေအနေနဲ့ နိုင်ငံတော်အစိုးရရဲ့ ရွေးကောက်ပွဲပြန်လည်ကျင်းပနိုင်ရေး ကြိုးပမ်းချက်တွေအပေါ် နားလည်စပြုလာတဲ့ ပြည်ပနိုင်ငံအချို့ရှိနေတယ်လို့ လွှတ်တော်ကိုယ်စားလှယ်ဟောင်းတစ်ဦးက ပြောကြားထားခဲ့ပါတယ်။**

စာမျက်နှာ ၁၁ သို့ ❖

# စခန်းအခြေပြု ပြန်လည်ထူထောင်ရေးသင်တန်း အမှတ်စဉ်(၁/၂၀၂၄) သင်တန်းဖွင့်ပွဲ ကျင်းပ



တာချီလိတ် ဇူလိုင် ၁၂

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် ယနေ့နံနက်ပိုင်းတွင် တာချီလိတ်မြို့ အောင်မြတ်ခန်းမ၌ ကျင်းပသည့် စခန်းအခြေပြု ပြန်လည်ထူထောင်ရေးသင်တန်း အမှတ်စဉ် (၁/၂၀၂၄) သင်တန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက လူငယ်များသည် တိုင်းပြည်၏အနာဂတ်များဖြစ်၍ နိုင်ငံကို တစ်ဖက်တစ်လမ်းမှ အကျိုးပြုသည့် နိုင်ငံ့သားကောင်းရတနာများ ပြန်လည်ဖြစ်ပေါ်လာစေရေး ရည်ရွယ်၍ ယခုကဲ့သို့ သင်တန်းများဖြင့် လေ့ကျင့်ပျိုးထောင်ပေးရခြင်းဖြစ်ကြောင်း၊ စနစ်တကျ လေ့ကျင့်ပေးခြင်းဖြစ်၍ မိမိတို့၏ မိသားစု၊ ရပ်ရွာ အသိုက်အဝန်းအတွင်း ပြန်လည်ဝင်ဆံ့လာပြီး တန်ဖိုးရှိသော လူ့စွမ်းအားအရင်းအမြစ်များ တိုးတက်ဖြစ်ထွန်းလာရေး ကြိုးစားလိုက်နာသင်ကြားကြရန် လိုကြောင်း၊ သင်တန်းဖြစ်မြောက်ရေးအတွက် အဘက်ဘက်က ဝိုင်းဝန်းကူညီပံ့ပိုးခဲ့ကြသော ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် တာချီလိတ်မြို့ မြို့မိမြို့ဖများကို အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် ရှမ်းပြည်နယ်အစိုးရနှင့် အလှူရှင်များက လှူဒါန်းငွေနှင့် လှူဒါန်းပစ္စည်းများကို ပေးအပ်လှူဒါန်းရာ စခန်းမှ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် သင်တန်းသားများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်၍ အားပေးစကား ပြောကြားကြသည်။

အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး၊ တပ်မတော်အရာရှိကြီးများ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပြည်နယ်/ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် တာချီလိတ်ခရိုင်အတွင်းရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ အရာထမ်း၊ အမှုထမ်းများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံပြီး ဝန်ထမ်းများ၏ လိုအပ်ချက်၊ အကြံပြုချက်များကို မေးမြန်းကာ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပြန်လည်ထူထောင်ရေးဦးစီးဌာန မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း (တာချီလိတ်) သို့ သွားရောက်၍ သင်တန်းသားအိပ်ဆောင်၊ သင်တန်းခန်းမ၊ ဆေးပေးခန်းနှင့် အားကစားပြုလုပ်ရန် နေရာများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး သင်တန်းသားများနှင့်တွေ့ဆုံကာ သင်တန်းကျောင်း၏ လိုအပ်ချက်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင် မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာသံအမတ်ကြီး Mrs. Ponnamperuma Arachchige Prabashini Ponnamperuma အား လက်ခံတွေ့ဆုံ



နေပြည်တော် ဇူလိုင် ၁၂

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင်သည် မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာသံအမတ်ကြီး Mrs. Ponnamperuma Arachchige Prabashini Ponnamperuma အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် သီရိလင်္ကာနိုင်ငံအကြား စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက်ရေး၊ သီရိလင်္ကာစီးပွားရေးလုပ်ငန်းရှင်များ၏ ရင်းနှီးမြှုပ်နှံလိုသည့်ကဏ္ဍများ၊ ငွေပေးချေမှုဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

**သတင်းစဉ်**



# ပုလောမြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပြုစုထိန်းသိမ်းရေး အသိပညာပေး ဟောပြော

ပုလော ဇူလိုင် ၁၂

တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပြုစုထိန်းသိမ်းရေးအသိပညာပေးဟောပြောပွဲနှင့် စုပေါင်းသစ်ပင်စိုက်ပျိုးခြင်းကို ဇူလိုင် ၁၀ ရက် နံနက်ပိုင်းက ပုလောမြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း နဝရတ်ခန်းမ၌ ကျင်းပခဲ့သည်။

ပုလောမြို့နယ် သစ်တောဦးစီးဌာန ဦးစီးမှူး ဦးရဲဝင်းက သစ်ပင်စိုက်ပျိုးရာတွင်သတိပြုရမည့်အချက်များနှင့် သစ်ပင်စိုက်ပျိုးပြုစုထိန်းသိမ်းခြင်းများကို ဟောပြောခဲ့ပြီး မိုးရာသီသစ်ပင်စိုက်ပျိုးပြုစုထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေခဲ့သည်။

ဆက်လက်၍ မြို့နယ်သစ်တောဦးစီးမှူးက ပုလောမြို့နယ်ပညာရေးမှူး ဒေါ်စန်းစန်းဌေးနှင့် ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများကို မန်ကျန်ရှားပျိုးပင် ၄၀ ကို ပေးအပ်ကာ လက်တွေ့သရုပ်ပြ၍ ပုလောမြို့နယ်ပညာရေးမှူးရုံးဝင်းအတွင်း စုပေါင်းသစ်ပင်စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**အေးအေးမော်(ပုလော)**

❖ စာမျက်နှာ ၁၀ မှ

အရင်က ဆန့်ကျင်ခဲ့တဲ့ နိုင်ငံအချို့ဟာ အခုအချိန်မှာ ပြည်သူအတွက် ရွေးကောက်ပွဲ ပြန်လည်ကျင်းပခြင်းကသာ အကောင်းဆုံးအဖြေ ဖြစ်တာကို သိရှိလာကြပြီး ကန့်ကွက်သံတွေ လျော့နည်းလာတယ်လို့လည်း သူကဆက်ပြောထားပါတယ်။ ရွေးကောက်ပွဲကို ပါတီကြီးတစ်ခုကပဲ အပြတ်အသတ်နိုင်တယ်ဆိုတာမျိုးမဟုတ်ဘဲ မျှတတဲ့ ရွေးကောက်ပွဲအဖြစ် ပါဝင်သင့် ပါဝင်ထိုက်တဲ့ ပါတီတွေ ပါဝင်ကြဖို့သင့်တယ်လို့ လွှတ်တော် ကိုယ်စားလှယ်ဟောင်းတစ်ဦးက တွေ့ဆုံမေးမြန်းခန်းတစ်ခုမှာ ဖြေကြားထားခဲ့ပါတယ်။

**❝ နိုင်ငံရေးအားကောင်းတဲ့ ပါတီတွေအနေနဲ့ ယခုအခင်းအကျင်းမှာ ပါဝင်လာသင့်ပြီး သို့မှသာ တိုင်းပြည်ပြဿနာတွေကို ဖြေရှင်းနိုင်တဲ့ အင်အားစုတွေ ကျယ်ပြန့်လာနိုင်တယ်လို့ သုံးသပ်သူတွေလည်းရှိပါတယ်။ နိုင်ငံရေးကျွမ်းကျင်သူအချို့ကတော့ ၂၀၂၅ ခုနှစ်ရွေးကောက်ပွဲက အစိုးရရဲ့ထွက်ပေါက်မဟုတ်ဘဲ ပြည်သူတွေရဲ့ လူမှုစီးပွားဘဝတွေ ပြန်လည်ဦးမော့လာစေဖို့ အမြန်ဆုံးကျင်းပနိုင်ဖို့မျှော်လင့်နေကြ ❞**

### ပြည်လုံးကျွတ်သန်းခေါင်စာရင်းမှသည် မဲစာရင်းမှန်ကန်ခြင်းဆီသို့

ပြည်လုံးကျွတ်သန်းခေါင်စာရင်းကို လာမယ့် အောက်တိုဘာလ ၁ ရက်နေ့မှ ၁၅ ရက်နေ့အထိ ကောက်ယူသွားဖို့ ပြင်ဆင်နေပြီဖြစ်တယ်လို့ သိရှိရပါတယ်။ လက်ရှိမှာ ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူဖို့အတွက် စာရင်းကောက်ကွက် စုစုပေါင်း ၁၁၀၀၀၀ ခန့်ရှိပြီး စာရင်းစစ်၊ စာရင်းကောက်အင်အား လေးသောင်းနဲ့ အသုံးပြုကောက်ယူမှာဖြစ်ပါတယ်။ စာရင်းကောက်ယူရာမှာလည်း အိမ်ထောင်စုမေးခွန်းပုံစံအတွက် မေးခွန်း ၆၈ ခု ပါဝင်ပြီး အဖွဲ့အစည်းမေးခွန်းပုံစံအတွက် မေးခွန်း ၁၈ ခု မေးမြန်းကောက်ယူသွားဖို့ ပြင်ဆင်လျက်ရှိပါတယ်။ သန်းခေါင်စာရင်းရဲ့ ရွှေ့ပြောင်းလူဦးရေစာရင်းကိုတော့ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအတွင်း ထုတ်ပြန်နိုင်စေဖို့ ရည်မှန်းထားပါတယ်။

**"ရွေးကောက်ပွဲက နိုင်ငံတော်အစိုးရ၏ ထွက်ပေါက်မဟုတ်ဘဲ တစ်နိုင်ငံလုံးအတွက် ထွက်ပေါက်ဖြစ်နိုင်တယ်"**လို့ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO) ဦးဆောင်နာယက က မီဒီယာအင်တာဗျူးတစ်ခုမှာ ဖြေကြားခဲ့ပါတယ်။ ရွေးကောက်ပွဲအကျိုးဆက်အဖြစ် နိုင်ငံရေးပါတီတွေရဲ့အခန်းကဏ္ဍ မြင့်မားလာပြီး လွှတ်တော်ပေါ်လာတာ၊ အစိုးရသစ်ပေါ်လာတာတွေက အာဏာချိန်ခွင်လျှာ မျှတလာနိုင်ခြေရှိပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်မှုတွေအတွက် လက်ရှိအထွေထွေအကျပ်အတည်းတွေကနေ ဦးမော့လာနိုင်တယ်လို့ သူက ခန့်မှန်းပါတယ်။

ပြီးခဲ့တဲ့ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲက သမိုင်းဝင် မသမာမှုများစွာနဲ့ ရုပ်ဆိုးအကျည်းတန်ခဲ့ရပါတယ်။ ဒီမိုကရေစီဆိုတာ အများရဲ့ဆန္ဒနဲ့ ဆောင်ရွက်ရတာဖြစ်ပြီး အများရဲ့ဆန္ဒကလည်း စစ်မှန်ပြီး ရိုးသားတဲ့နိုင်ငံရေးဖြစ်ဖို့ လိုအပ်ပါတယ်။ မဲစာရင်းကွာဟမှုတွေ၊ လွဲမှားမှုတွေကို စစ်ဆေးပေးဖို့ နိုင်ငံတော်သမ္မတမှသည် ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌတို့ထံကို နည်းလမ်းတကျ အကြိမ်ကြိမ်တင်ပြမှု၊ ထောက်ပြဝေဖန်မှုတွေကို ဂရုမမူခဲ့ဘဲ ရိုးရိုးဖြေပါက အောင်နိုင်ခြေရှိတဲ့ စာမေးပွဲကို မသမာတဲ့နည်းလမ်းတွေနဲ့ အမှတ်မတန်တဆ ရယူလိုတဲ့ အကျိုးဆက်အဖြစ် ပြည်သူတွေရဲ့မျှော်လင့်ချက်နဲ့ လျှောက်လှမ်းကြရမယ့် ဒီမိုကရေစီခရီးလမ်း တစ်စစီကျိုးပွဲခဲ့ရပါတယ်။

**ဒီမိုကရေစီစနစ်မှာ ရွေးကောက်ပွဲပြုလုပ်တာ၊ ဆန္ဒမဲပေးတာက ဒီမိုကရေစီရဲ့ အနှစ်သာရဖြစ်ပါတယ်။ မိမိတို့ပြည်သူတွေ မျှော်လင့်နေကြပါသော လွတ်လပ်ပြီး တရားမျှတတဲ့ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီး အမြန်ဆုံး စတင်နိုင်စေဖို့နဲ့ မြန်မာနိုင်ငံတော်ကြီး စစ်မီးငြိမ်းလျှို့တို့ငြိမ်းအေးကာ အေးချမ်းသာယာပါစေကြောင်း ဆုတောင်းမျှော်လင့်နေမိပါတယ်။** ။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ရန်ကုန်မြို့ရှိ သဃ်ာန်းကျွန်းပညာရေးဒီဂရီ ကောလိပ်နှင့် အခြေခံပညာကျောင်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇူလိုင် ၁၂

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းသို့သွားရောက်၍ သိပ္ပံလက်တွေ့ခန်းများ၊ စာကြည့်တိုက်နှင့် ကျောင်းဥပဓိရုပ်ကောင်းမွန်ရေး ဆောင်ရွက်ထားမှုများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။



**ကြည့်ရှုအားပေး**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အလုံမြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ လာရောက်ပညာသင်ယူနေကြသည့် ဟားခါးပညာရေးဒီဂရီကောလိပ်မှ သင်တန်းသား သင်တန်းသူများကို ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ပြီး အလုံမြို့နယ် အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းများသို့ရောက်ရှိပြီး ကျောင်းဥပဓိရုပ်ကောင်းမွန်ရေးဆောင်ရွက်ထားမှုနှင့် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာပညာသင်ကြားနေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ၂၀၂၄ ခုနှစ် အခြေခံကဗျာလွတ်(ပထမအဆင့်) သင်တန်းတက်ရောက်နေကြသည့် ဆရာ ဆရာမများနှင့် တွေ့ဆုံကာ ကျောင်းသား ကျောင်းသူများကို လိမ္မာယဉ်ကျေးပြီး နိုင်ငံတော်ကိုချစ်စိတ်၊ မျိုးချစ်စိတ်ဓာတ် အပြည့်ရှိ၍ မိမိတို့နိုင်ငံ၏ ယဉ်ကျေးမှုဓလေ့များကို မြတ်နိုးထိန်းသိမ်းတန်ဖိုးထားတတ်စေရေး သင်ကြားပေးရန် ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်း၊ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၊ ကမာရွတ်မြို့နယ် လှေကျင့်ရေးအထက်တန်းကျောင်း၊ သဃ်ာန်းကျွန်းမြို့နယ်ရှိ အခြေခံပညာနှင့်စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးအထက်တန်းကျောင်း (သုဝဏ္ဏ)တို့သို့သွားရောက်၍ ကျောင်းဥပဓိရုပ်ကောင်းမွန်ရေး ဆောင်ရွက်ထားရှိမှုများ၊ ကျောင်းကျန်းမာရေး ဆောင်ရွက်ထားရှိမှုများနှင့် စာကြည့်တိုက်များကိုကြည့်ရှုစစ်ဆေးပြီး ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနေမှုများကို ကြည့်ရှုအားပေးသည်။

**ဖြည့်ဆည်းဆောင်ရွက်ပေး**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် သဃ်ာန်းကျွန်းမြို့နယ် သဃ်ာန်းကျွန်းပညာရေးဒီဂရီကောလိပ်သို့ရောက်ရှိကာ ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး ကျောင်းအုပ်ဆရာမကြီး၏ တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မင်္ဂလာဒုံမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၄) အခြေခံပညာအလယ်တန်းကျောင်း၊ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၄) အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးအထက်တန်းကျောင်း၊ အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်းများသို့သွားရောက်၍ ကျောင်းဥပဓိရုပ်ကောင်းမွန်ရေး ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ဝန်ထမ်းသားသမီးများအား ပညာရည်ချွန်ဆုချီးမြှင့်ခြင်းအခမ်းအနား ကျင်းပ

နေပြည်တော် ဇူလိုင် ၁၂

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ဝန်ထမ်း သားသမီးများအား ပညာရည် ချွန် ဆု ချီး မြှ င့် ခြ င်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ကျောက်စိမ်းခန်းမ၌ ကျင်းပသည်။




**တက်ရောက်**

အခမ်းအနားသို့ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ အရာထမ်း/အမှုထမ်းများ၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သည့် ဝန်ထမ်းသားသမီး ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လူ့စွမ်းအားအရင်းအမြစ်များ (Human Resources)သည် အဓိကအခန်းကဏ္ဍတွင်ပါဝင်ပြီး လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးကို "ပညာ"အပေါ် အဓိက မူတည်တည်ဆောက်ရပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ဝန်ထမ်းမိသားစုဝင်များမှ ထူးချွန်ထက်မြက်သည့် ပညာတတ် အနာဂတ်မျိုးဆက်သစ်များ ပေါ်ထွက်လာစေရန် နှစ်စဉ် တက္ကသိုလ်ဝင်စာမေးပွဲများတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ထူးချွန်သည့်ဘာသာရပ်အလိုက် ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်လျက်ရှိပါကြောင်း၊ ကျောင်းသား ကျောင်းသူများ အနေဖြင့် ပြောင်းလဲလာသည့် ပညာရေး ရေစီးကြောင်းနှင့်အညီ လိုက်ပါနိုင်အောင် အစဉ်ကြိုးစား သင်ယူနေရမည် ဖြစ်ပါကြောင်း၊ မိမိအကျိုး၊ မိသားစုအကျိုး၊ နိုင်ငံနှင့် ပြည်သူ့အကျိုးကို သယ်ပိုးထမ်းဆောင်ပြီး အနာဂတ်နိုင်ငံတော်အတွက် အုတ်တစ်ချပ်၊ သဲတစ်ပွင့်အဖြစ် နိုင်ငံတော်၏ ဂုဏ်ကို ထွန်းလင်းတောက်ပစေသည့် အနာဂတ်လူချွန်လူကောင်းများဖြစ်အောင် ကြိုးစားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

**ပေးအပ်ချီးမြှင့်**

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ငါးဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသူများအား လည်းကောင်း၊ ဒုတိယဝန်ကြီးက လေးဘာသာနှင့် သုံးဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသူများအား လည်းကောင်း၊ အမြဲတမ်းအတွင်းဝန်က ဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သော ကျောင်းသူများအား လည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ်က တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခဲ့ကြသူများအား လည်းကောင်း ဆုတံဆိပ်၊ ဂုဏ်ပြုလက်မှတ်နှင့် ဆုငွေများ ပေးအပ်ချီးမြှင့်ကြရာ ကျောင်းသား ကျောင်းသူများ ကိုယ်စား ကျောင်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# တောင်ငူခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလား တောင်ငူမြို့နယ်အသင်း ပထမဆုရရှိ

တောင်ငူ ဇူလိုင် ၁၂

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလား ငါးမြို့နယ် အမျိုးသမီးအသက်(၂၀)အောက် ဘောလုံးပြိုင်ပွဲကို ဇူလိုင် ၁၀ ရက်မှ စတင်၍ ကျင်းပခဲ့ရာ ယနေ့မွန်းလွဲ ၃ နာရီခွဲတွင် ဗိုလ်လုပွဲစဉ်အဖြစ် တောင်ငူမြို့နယ်အသင်းနှင့် ထန်းတပင်မြို့နယ်အသင်းတို့ ခရိုင်အားကစားကွင်း၌ ယှဉ်ပြိုင်ကစားသည်။

ထိုသို့ ယှဉ်ပြိုင်ကစားရာတွင် တောင်ငူမြို့နယ် အသင်းနှင့် ထန်းတပင်မြို့နယ် အသင်းတို့ နှစ်ဂိုး-နှစ်ဂိုးဖြင့် သရေကျနေသောကြောင့် ပင်နယ်တီ အဆုံးအဖြတ်ဖြင့် ဆုံးဖြတ်ရာ တောင်ငူမြို့နယ်အသင်းက ငါးဂိုး-သုံးဂိုးဖြင့် ထန်းတပင်မြို့နယ်အသင်းအား အနိုင်ရရှိသည်။

ထို့နောက် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းဇော်နှင့်ဇနီး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များက ရှေ့တန်း၊ အလယ်တန်း၊ နောက်တန်းနှင့် ဂိုးသမား အကောင်းဆုံး အားကစားသမားဆု၊ အကောင်းဆုံးကစားသမားဆုကိုပေးအပ်ပြီး ပထမဆုရရှိသည့် တောင်ငူမြို့နယ် အသင်းအား တောင်ငူခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလား ပေးအပ်သည်။



တောင်ငူခရိုင်အားကစားကွင်း၌ ခရိုင်အဆင့် အသက်(၂၀)အောက် အမျိုးသမီး ဘောလုံးအားကစားပြိုင်ပွဲကို ဇူလိုင် ၁၀ ရက်မှ ၁၂ ရက်အထိ ရှုံးထွက်ပွဲစဉ်အဖြစ် ကျင်းပခဲ့ခြင်းဖြစ်ပြီး အုပ်စု(က)တွင် ရေတာရှည်မြို့နယ် အသင်း၊ အုတ်တွင်းမြို့နယ် အသင်းနှင့် ထန်းတပင်မြို့နယ် အသင်း၊ အုပ်စု(ခ)တွင် ဖြူးမြို့နယ်အသင်းနှင့် တောင်ငူမြို့နယ်အသင်းတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။ **ဇော်ကိုကို(တောင်ငူ)**

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

နေပြည်တော် ဇူလိုင် ၁၂

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

# ယခုနှစ် ဇန်နဝါရီလမှစ၍ ဖိလစ်ပိုင်နိုင်ငံသို့ လာရောက်လည်ပတ်သည့် နိုင်ငံခြားသားခရီးသည် သုံးသန်းကျော်ရှိ

ဖနောင်ပင် ဇူလိုင် ၁၂

ယခုနှစ် ဇန်နဝါရီလမှ စပြီး ဖိလစ်ပိုင်နိုင်ငံသို့ လာရောက်လည်ပတ်သည့် နိုင်ငံခြားသားခရီးသည် သုံးသန်းကျော် ရှိခဲ့ကြောင်း ဖိလစ်ပိုင်နိုင်ငံ ခရီးသွားလာရေးဌာန (DOT) ၏ အချက်အလက်များအရ သိရသည်။

ဇန်နဝါရီမှ ဇွန်အထိ ခရီးသွားလုပ်ငန်းမှ ဝင်ငွေရရှိမှုပမာဏသည် ပီဆို ၂၈၂ ဒသမ ၁၇ ဘီလီယံ (အမေရိကန်ဒေါ်လာ ၄ ဒသမ ၈၃ ဘီလီယံခန့်) ရှိပြီး ယမန်နှစ် အလားတူကာလကရရှိသည့် ဝင်ငွေထက် ၃၂ ဒသမ ၈၁ ရာခိုင်နှုန်း ပိုမိုများပြားကြောင်း ခရီးသွားလုပ်ငန်းဌာနအတွင်းဝန် ခရစ္စတီးနား ဂါစီယာ ဖရာစ်ကိုက ပြောကြားသည်။

ဇူလိုင် ၁၀ ရက်အထိ ဖိလစ်ပိုင်နိုင်ငံသည် ပြည်တွင်းခရီးသွား ၃၀၇၃၆၉၄ ဦးကို ကြိုဆိုခဲ့ကြောင်း ၎င်းက ဆက်လက်ပြောသည်။

ခရီးသွားဝင်ရောက်မှုတွင် ၂၉၃၇၂၉၃ ဦး (၉၂ ဒသမ ၅၅ ရာခိုင်နှုန်း) သည် နိုင်ငံခြားသား ခရီးသွားများဖြစ်ပြီး ကျန် ၂၃၆၄၀၁ ဦး (၇ ဒသမ ၄၅ ရာခိုင်နှုန်း)မှာ ပြည်ပမှ ပြန်လည်ရောက်ရှိလာသည့် ဖိလစ်ပိုင်နိုင်ငံသားများဖြစ်ကြောင်း သိရသည်။

တောင်ကိုရီးယားနိုင်ငံသည် ဖိလစ်ပိုင်နိုင်ငံ၏ နိုင်ငံခြားခရီးသွားများ အများဆုံးလာရောက်သည့် ရင်းမြစ်ဖြစ်ပြီး တောင်ကိုရီးယားနိုင်ငံသား ၈၂၄၇၉၈ ဦးလာရောက်လည်ပတ်ခဲ့ကာ အဆိုပါ အရေအတွက်သည် နိုင်ငံအတွင်းသို့ ဝင်ရောက်သူ စုစုပေါင်း၏ ၂၅ ဒသမ ၉၉ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

အမေရိကန်နိုင်ငံမှ ၅၂၂၆၆၇ ဦး (၁၆ ဒသမ ၄၇ ရာခိုင်နှုန်း)၊ တရုတ်နိုင်ငံမှ ၁၉၉၉၃၉ (၆ ဒသမ ၃၀ ရာခိုင်နှုန်း)၊ ဂျပန်နိုင်ငံမှ ၁၈၈၈၀၅ (၅ ဒသမ ၉၅ ရာခိုင်နှုန်း)နှင့် ဩစတြေးလျနိုင်ငံမှ ၁၃၇၃၉၁ (၄ ဒသမ ၃၃ ရာခိုင်နှုန်း) လာရောက်လည်ပတ်ခဲ့ကြောင်း သိရသည်။

ဖိလစ်ပိုင်အစိုးရသည် ယခုနှစ်အတွင်း နိုင်ငံတကာ ခရီးသွား ၇ ဒသမ ၇ သန်းကို ကြိုဆိုရန် ရည်မှန်းထားသည်။



ယမန်နှစ်အတွင်း နိုင်ငံခြားသားခရီးသည် အရေအတွက် ငါးသန်းကျော်ဝင်ရောက်ခဲ့ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အောင်ကျော်ကျော်



# ၂၀၈၀ ပြည့်နှစ်တွင် ကမ္ဘာ့လူဦးရေ ၁၀ ဒသမ ၃ ဘီလီယံသို့ ရောက်ရှိနိုင်ဖွယ်ရှိ

ကုလသမဂ္ဂ ဇူလိုင် ၁၂

ကမ္ဘာ့လူဦးရေသည် ၂၀၈၀ ပြည့်နှစ်တွင် ၁၀ ဒသမ ၃ ဘီလီယံသို့ ရောက်ရှိနိုင်ဖွယ်ရှိကြောင်း ကုလသမဂ္ဂအဖွဲ့က ခန့်မှန်းထားသည်။

၂၀၂၄ ခုနှစ် ကမ္ဘာ့လူဦးရေမျှော်မှန်းချက် (World Population Prospects 2024) အစီရင်ခံစာကို ဇူလိုင် ၁၂ ရက်တွင် ကျရောက်သည့် ကမ္ဘာ့လူဦးရေနေ့တွင် ကုလသမဂ္ဂအဖွဲ့က ထုတ်ပြန်သည်။

လက်ရှိတွင် ကမ္ဘာတစ်ဝန်း၌ လူဦးရေ ၈ ဒသမ ၂ ဘီလီယံရှိပြီး လူဦးရေတိုးပွားလာမှုမှာ လာမည့်နှစ် ၆၀ အထိ ဆက်လက်တိုးလာဖွယ်ရှိကြောင်း အဆိုပါ အစီရင်ခံစာတွင် ခန့်မှန်းဖော်ပြထားသည်။

ရာစုနှစ်အကုန်တွင် လူဦးရေ ၁၀ ဒသမ ၂ ဘီလီယံခန့်ရှိလာမည်ဟုလည်း ခန့်မှန်းထားသည်။

ရုရှားနှင့် တရုတ်နိုင်ငံတို့ အပါအဝင် နိုင်ငံနှင့် ဒေသပေါင်း ၆၃ ခုတွင်လူဦးရေအရေအတွက်သည် ယမန်နှစ်က အမြင့်ဆုံးဖြစ်ခဲ့ကြောင်း အစီရင်ခံစာအရ သိရသည်။ ဘရာဇီးနှင့် အင်ဒိုနီးရှားကဲ့သို့သော အခြားနိုင်ငံများနှင့် ဒေသ ၄၈ ခုတွင် အမြင့်ဆုံးအဆင့်ကို ၂၀၅၄ ခုနှစ်တွင် ရောက်ရှိရန် မျှော်လင့်ထားသည်။

လက်ရှိခန့်မှန်းချက်များအရ အိန္ဒိယနိုင်ငံသည် လူဦးရေ ၁ ဒသမ ၄၅ ဘီလီယံဖြင့် လူဦးရေအများဆုံးဖြစ်ပြီး တရုတ်နိုင်ငံက ၁ ဒသမ ၄၂ ဘီလီယံနှင့် အမေရိကန်နိုင်ငံက ၃၄၅ သန်းရှိကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၏ လူဦးရေသည် ၂၀၅၄ ခုနှစ်တွင် ၁ ဒသမ ၇ ဘီလီယံနီးပါး ဆက်လက်တိုးလာဖွယ်ရှိပြီး တရုတ်နိုင်ငံ၏ လူဦးရေသည် ၂၀၅၄ ခုနှစ်တွင် ၁ ဒသမ ၂ ဘီလီယံ တိုးလာဖွယ်ရှိကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# နီပေါနိုင်ငံ၌ မြေပြိုမှုဖြစ်ပွားရာမှ ဘတ်စ်ကားများ မြစ်ထဲပြုတ်ကျ

ခတ္တမန္ဒူ ဇူလိုင် ၁၂

နီပေါနိုင်ငံ၌ ယနေ့မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြေပြိုမှုဖြစ်ပွားရာ အဝေးပြေးလမ်းမကြီး တစ်ခုတွင် မောင်းနှင်နေသည့် ဘတ်စ်ကားနှစ်စီး မြစ်ထဲသို့ ပြုတ်ကျခဲ့ပြီး ၁၂ ဦးသေဆုံးကာ ၆၆ ဦးပျောက်ဆုံးနေကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ယင်းဖြစ်ရပ်သည် နိုင်ငံအလယ်ပိုင်း ချတ်ဝမ်ခရိုင်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး အခင်းဖြစ်နေရာသို့ ကူညီကယ်ဆယ်ရေး တာဝန်ရှိသူများ သွားရောက်ခဲ့ကြောင်း ခရိုင်တာဝန်ရှိသူ ခီမာနန်ဒါဗူဆယ်က မှတ်ချက်ပြုပြောကြားသည်။

အဆိုပါကားများသည် လမ်းခရီးတွင် ခရီးသည် ထပ်မံတင်ဆောင်မှုများရှိသဖြင့် ခရီးသည် အရေအတွက်ကို အတိအကျ မသိရှိနိုင်ကြောင်း ၎င်းက ပြောကြားသည်။

ယခုဖြစ်စဉ်တွင် ဘတ်စ်ကား တစ်စီးသည် ခတ္တမန္ဒူမှ နိုင်ငံတောင်ပိုင်း ရော်တာဟက်ခရိုင် ဂေါမြို့သို့ သွားရောက်စဉ် မတော်တဆမှုဖြစ်ပွားပြီး အခြားတစ်စီးမှာ နိုင်ငံတောင်ပိုင်း ဘာဂန်းမြို့မှ ခတ္တမန္ဒူသို့ ပြန်လာစဉ် ဖြစ်ပွားခြင်းဖြစ်သည်။

ဘတ်စ်ကားများ ပြုတ်ကျခဲ့ရာ ထရီရှူလီမြစ်အတွင်းမှ ခရီးသည် သုံးဦးကို ကယ်ဆယ်နိုင်ခဲ့ပြီး ဆေးကုသမှုများ ဆောင်ရွက်ပေးနေကြောင်း သိရသည်။

ရေစီးကြမ်းသော မြစ်ဖြစ်သဖြင့် နောက်ထပ်အသက်ရှင်ကျန်ရစ်သူ ခရီးသည်များကို ရှာဖွေရန်မလွယ်ကူကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

Narayanghat-Mugling အဝေးပြေးလမ်းမ၌ ယနေ့ နံနက် ၃ နာရီခွဲတွင် ယခုဖြစ်စဉ် ဖြစ်ပွားခြင်းဖြစ်သည်။

ယခု မတော်တဆမှုများ ဖြစ်ပွားရခြင်းအတွက် ဝမ်းနည်းကြေကွဲကြောင်း ဝန်ကြီးချုပ် Pushpa Kamal Dahal က ပြောကြားသည်။ ယခုဖြစ်စဉ်တွင် ခရီးသည်များကို ရှာဖွေကယ်ဆယ်ရေးအတွက် တာဝန်ရှိသူများအား ညွှန်ကြားထားကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။



ကိုးကား-
ဆောက်ချိုင်းနားမောနင်းပို့စ်
ဘာသာပြန်-စိုးသူရ

# ကူဝိတ်နိုင်ငံ၌ အပူချိန်မြင့်တက်

ကူဝိတ်စီးတီး ဇူလိုင် ၁၂

ကူဝိတ်နိုင်ငံတွင် ယနေ့၌ အပူချိန် ၅၀ဒီဂရီ ဆဲလ်စီးယပ်ထက် ကျော်လွန်ခဲ့ကြောင်း မိုးလေဝသဌာနက ပြောကြားခဲ့သည်။



အပူချိန် ၅၁ဒီဂရီ ဆဲလ်စီးယပ်သို့ရောက်ရှိခဲ့သဖြင့် နိုင်ငံသားများအား အပူချိန်မြင့်မားသည့် နေ့ခင်းဘက်တွင် နေအိမ်ပြင်ပတွင် လုပ်ငန်းများမဆောင်ရွက်ရန်၊ နေရောင်တိုက်ရိုက်ထိတွေ့ခြင်းမှ ရှောင်ရှားရန်၊ ရေအများအပြားသောက်သုံးရန်နှင့် အပူလျှပ်ဝေဒနာများကို သတိပြုနေထိုင်ရန် တာဝန်ရှိသူများက ညွှန်ကြားခဲ့သည်။ မကြာမီ အချိန်က နေ့ဘက်လုပ်ကိုင်ရသည့်လုပ်ငန်းများနှင့် ဆောက်လုပ်ရေးလုပ်ငန်းများကို ရပ်ဆိုင်းထားရန် တာဝန်ရှိသူများက ထပ်လောင်းညွှန်ကြားခဲ့သည်။

နိုင်ငံအတွင်း အပူချိန်မြင့်တက်လာခြင်းမှာ ရာသီဥတု ပြောင်းလဲမှု၏ အကျိုးဆက်ဖြစ်သည်ဟု သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကျွမ်းကျင်သူ ဟီဗက်အဗက်က ပြောကြားသည်။ နိုင်ငံအတွင်း အပူချိန်မြင့်တက်လာခြင်းသည် နိုင်ငံအတွင်းရှိ လူမှုအသိုင်းအဝိုင်းများနှင့် အခြေခံအဆောက်အအုံများကို ထိန်းသိမ်းစောင့်ရှောက်ရန် ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေးနည်းလမ်းများချမှတ်ရေး လိုအပ်သည်ဟု ပြသလိုက်ခြင်းဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

# ပါကစ္စတန်နိုင်ငံ၌ ရေကြီးရေလျှံမှုနှင့် မိုးသည်းထန်စွာရွာသွန်းခြင်းကဲ့သို့သော ရာသီဥတုဆိုင်ရာအခြေအနေများကို စောင့်ကြည့်မည်

အစ္စလာမာဘတ် ဇူလိုင် ၁၂

ပါကစ္စတန်နိုင်ငံ၌ ရေကြီးရေလျှံမှုနှင့် မိုးသည်းထန်စွာရွာသွန်းခြင်းကဲ့သို့သော ရာသီဥတုဆိုင်ရာ အခြေအနေများကို မုတ်သုံရာသီဝင်ရောက်လာသည့် ယခုကာလတွင် စောင့်ကြည့်သွားမည်ဖြစ်ကြောင်း မိုးလေဝသဌာနက ယနေ့ ပြောကြားသည်။

မိုးလေဝသဆိုင်ရာထူးခြားဖြစ်စဉ်များမှ ကာကွယ်နိုင်ရန်အတွက် မိုးလေဝသစခန်းများကို နိုင်ငံတစ်ဝန်းထားရှိဆောင်ရွက်မည်ဖြစ်ကြောင်း မိုးလေဝသဌာန ညွှန်ကြားရေးမှူးချုပ် မာဒ်ဆာဟီဇက်ခန်းက မှတ်ချက်ပြုပြောကြားသည်။

လယ်သမားများနှင့် ပြည်ပခရီးသွားများအတွက် မိုးလေဝသဖြစ်စဉ်များကို ကြေညာချက်များထုတ်ပြန်ခဲ့ကြောင်း ၎င်းက ပြောကြားသည်။ ပါကစ္စတန်နိုင်ငံအတွက် တရုတ်နိုင်ငံမှ ပံ့ပိုးသည့် မိုးကြိုးခန့်မှန်းရေးကိရိယာများကို အသုံးပြု၍ မိုးကြိုးပစ်မှုမှ ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်နေကြောင်း ၎င်းကထပ်လောင်းပြောကြားသည်။ ယခုနှစ်မုတ်သုံကာလအတွင်း ပုံမှန်ထက် မိုးရွာသွန်းမှုများပြားနိုင်ကြောင်း ၎င်းက ပြောကြားသည်။ **ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်- စိုးသူရ**

# ဟုမ္မလင်းမြို့၌ ချင်းတွင်းမြစ်ရေမြင့်တက်လာမှုကြောင့် ရေဘေးသင့်ပြည်သူများအား ရေဘေးကယ်ဆယ်ရေးစခန်းများသို့ ရွှေ့ပြောင်းပေး

ဟုမ္မလင်း ဇူလိုင် ၁၂

စစ်ကိုင်း တိုင်းဒေသကြီး ဟုမ္မလင်းမြို့တွင် ချင်းတွင်းမြစ်ရေမြင့်တက်လာမှုကြောင့် ရေဘေးသင့်ပြည်သူများအား ရေဘေးကယ်ဆယ်ရေး စခန်းများသို့ ရွှေ့ပြောင်းပေးခြင်းကို ဇူလိုင် ၁၁ ရက် နံနက် ၉နာရီခွဲတွင် ဟုမ္မလင်းမြို့ ဟုမ္မလင်းရပ်ကွက် မြေအနိမ့်ပိုင်းနေ ရေဘေးသင့်အိမ်ထောင်စု ၁၄၁ စုအား မြို့နယ်သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီ၏ အစီအစဉ်ဖြင့် ဟုမ္မလင်းမြို့ နောင်ပကျစ်ရပ်ကွက် တောင်ပေါ်သာသနာ့မဏ္ဍိုင် ဘုန်းတော်ကြီး (အေးသုခဇရပ်)၊ အထက(၁)၊ ဘုရားငါးဆူဘုန်းကြီးကျောင်းတို့သို့ ရွှေ့ပြောင်းပေးခဲ့သည်။



ဟုမ္မလင်းမြို့တွင် ဇူလိုင် ၃ ရက်မှ ယနေ့အထိ ချင်းတွင်းမြစ်ရေမြင့်တက်လာမှုကြောင့် ချင်းတွင်းမြစ်ကမ်းဘေးဝဲ/ယာ မြေနိမ့်ပိုင်းရှိ ကျေးရွာအုပ်စုမှ ကျေးရွာများနှင့် ဟုမ္မလင်းမြို့ပေါ် ရပ်ကွက်များမှ မြေနိမ့်ပိုင်းနေ ရေဘေးသင့် အိမ်ထောင်စု ၅၈၇ စု ရှိပြီး ကျား ၁၂၆၅ ဦး၊ မ ၁၇၁၄ ဦး စုစုပေါင်း ၂၉၇၉ ဦးနှင့် နွား ၄၃၂ ကောင်တို့ကို ယာယီရေဘေးရှောင် ကယ်ဆယ်ရေးစခန်း ၁၅ ခုတို့တွင် ပြောင်းရွှေ့နေရာချထားပေးလျက် ရှိကြောင်း သိရသည်။

ဟုမ္မလင်း(ပြန်/ဆက်)

❐

# ခန္တီးမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ ရေဘေးသင့်ပြည်သူများအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် ဇူလိုင် ၁၂

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ချင်းတွင်းမြစ်ရေမြင့်တက်ကာ ခန္တီးမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများအတွင်းသို့ မြစ်ရေဝင်ရောက်မှုများ ဖြစ်ပေါ်လျက်ရှိသဖြင့် ရေဘေးသင့်ပြည်သူများအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် နယ်မြေခံတပ်မတော်သားများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ခန္တီးမြို့နယ် ဇီးကုန်းရပ်ကွက် နာဂရိုးရာကွင်း နှစ်ခြင်းအသင်းတော် ခရစ်ယာန်ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း(ဇီးဖြူကုန်း)နှင့် နားမေတ္တာရပ်ကွက်တို့ရှိ ရေဘေးသင့်ပြည်သူများအား စားသောက်ဖွယ်ရာများနှင့် သောက်ရေသန့်များ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် မြစ်ရေကြီးမှုနှင့်အတူပါရှိလာသည့် နုန်း၊ သဲနှင့် အမှိုက်များ ဖယ်ရှားရှင်းလင်းကာ စုပေါင်းသန့်ရှင်းရေး လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဇူလိုင် ၁၂

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့်ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီး ပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဇူလိုင် ၁၁ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Htwe Ko Ko” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် မင်းကုန်းရပ်ကွက်နေ ထွေးကိုအား နံနက် ၁၁ နာရီတွင်လည်းကောင်း၊ “အရိပ်မဲ့သစ်ပင်”၊ “@cherry. lin624”၊ “lapyae8241” TikTok အကောင့်များပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် မေတ္တာညွှန့်ရပ်ကွက်နေ တင်တင်အောင်အား ညနေ ၆ နာရီ ၅ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာ ရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

❖ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာ မှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

❖ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၃-၇-၂၀၂၄ စနေနေ့

### MRTV HD

၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ပရိတ်တရားတော်(ဗောဇ္ဈင်္ဂသုတ်၊ ပုဗ္ဗဏှသုတ်)
၀၆:၃၅ ကောင်းကင်မှာထွန်းတောက်နေတဲ့သာသနာ့အာဇာနည်တိပိဋကပါဠိပါဠိရှူ ဓမ္မရတု တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသ၏ထေရုပ္ပတ္တိ(ပထမပိုင်း)
၀၇:၀၀ နံနက်ခင်းသတင်း
၀၇:၃၅ Weekly Sports Info
၀၈:၄၀ စွန့်ပစ်ပစ္စည်းမှသည်လက်မှုအနုပညာရပ်ဆီ (အုန်းခွံ)
၀၉:၄၀ ဝင်ငွေတိုးပွားစေဖို့ AI စနစ်ဖြင့် မျိုးမြှင့်သားဖောက်ထားသည့်အသားတိုးကြက်နှင့် ဒေသကြက်များမွေးမြူကြပါစို့
၁၀:၀၀ သတင်းထဲကသတင်း
၁၀:၃၀ လူငယ်ရေးရာအစီအစဉ်
၁၁:၄၀ တိုင်းရင်းသားရိုးရာအစားအစာချက်ပြုတ်နည်းများ
၁၂:၃၀ MRTV National News
၁၆:၅၀ ပုံပြင်ကမ္ဘာအစီအစဉ်
၁၇:၁၀ ရှုပွယ်စုံလင်အာဆီယံအစီအစဉ်
၁၇:၃၅ စိတ်အပန်းဖြေစေဖို့နေပြည်တော်ကိုလာလည်စို့
၁၈:၀၀ ပြည်တွင်းသတင်း
၁၈:၄၀ ပြည်ချစ်သားမွန်တေးသဝဏ်
၁၉:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ ‘ပိုင်ဆိုင်ခွင့်မရှိတဲ့အချစ်နိဂုံး’ (အပိုင်း-၇)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၁:၀၀ (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (ရုပ်စုံသဘင်ပြိုင်ပွဲ) ‘ငါးပါးဒအက္ခရာဇာတ်တော်ကြီး’ (နှစ်သိမ့်ဆု)(ဧယျာသီရိရုပ်စုံသဘင်အဖွဲ့) (စစ်ကိုင်းတိုင်းဒေသကြီး)

### mitv

07:01 Evergreen Classic: Myitta Phyan Mha Lenn Senn Mal (Thida Theint)
07:10 Weekly Review
07:26 Travel around the world: Maliwun Waterfall & Hot Spring
07:40 Myanmar Designer Studio: Latt Latt
08:01 News
08:26 Underwater Photographer
08:31 Myanmar Masterclass: Artist Shwe Yoe Yar
09:01 Quiz Time (Ep-69)
10:01 News
10:26 Children's Delight: Twelve Seasonal Festivals in Myanmar (Waso Month)

### MRTV NRC

ရှမ်း (၀၆:၀၀ မှ ၀၈:၀၀)
ရှမ်းအိုးစည်
ဝ (၀၈:၀၀ မှ ၁၀:၀၀)
ပျော်ရွှင်စရာ ‘ဝ’ ရိုးရာစကားထမင်းဝိုင်း
ကချင် (၁၀:၀၀ မှ ၁၂:၀၀)
တိုင်းရင်းဆေးရှာဖွေလေ့လာသိကောင်းစရာများ
ကယား (၁၂:၀၀ မှ ၁၄:၀၀)
စိမ်းစိုသာယာတို့စိုက်ခင်းကမ္ဘာ
ဝကောကရင် (၁၄:၀၀ မှ ၁၅:၀၀)
တိမ်တိုက်ကြားကဘောဂလေးမြို့
အနောက်ပိုးကရင် (၁၅:၀၀ မှ ၁၆:၀၀)
ထမင်းရည်ရဲ့အာနိသင်အကြောင်းသိကောင်းစရာ
အရှေ့ပိုးကရင် (၁၆:၀၀ မှ ၁၇:၀၀)
ရေနတ်ပူဇော်ခြင်း
ချင်း(လိုင်ဇို) (၁၇:၀၀ မှ ၁၈:၀၀)
ဧျာကလက်အိပ်မက်
ချင်း(ဇိုး) (၁၈:၀၀ မှ ၁၉:၀၀)
ချင်းသီချင်းကြီး(အပိုင်း-၂)
မွန် (၁၉:၀၀ မှ ၂၁:၀၀)
ခနွှာရှယ်ဉ်မွန်တို့အသွင်ခေတ်အဆက်ဆက် ဝတ်စားဆင်ယင်မှု
ရခိုင် (၂၁:၀၀ မှ ၂၃:၀၀)
လေးရှင်းတောင်မီးပြတိုက်ဟောင်း

### MRTV NEWS

၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၆:၄၀ အားကစားသတင်း
၀၈:၄၅ ရှေ့သို့ချီမည်ပန်းတိုင်ဆီ
၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
၀၉:၄၅ လူငယ်တို့အတွက်လမ်းပြကြယ်
၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
၁၂:၁၅ Bird's Eye View
၁၄:၀၀ MRTV National News
၁၆:၀၀ သတင်းမှန်ကဏ္ဍ (LIVE)
၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

### MRTV PARLIAMENT

၀၉:၀၀ အဖွင့်၊ အလဲ
၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (ရုရှားနိုင်ငံ)
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို ‘အာဟာရ’
၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ
၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ကိုရီးယားနိုင်ငံ)(အပိုင်း-၂)
၁၁:၃၀ ရှေ့သို့ချီမည်...ပန်းတိုင်ဆီ (အပိုင်း-၂၂)

### MRTV FARMERS / HTV Channel

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
၀၆:၂၅ မြန်မာလူမျိုးတို့ရဲ့မပါမဖြစ်အစားအစာ နေပြည်တော်ရဲ့ရွှေဥဒေါင်းပဲကြော်
၀၆:၄၅ ဆန်ကိုအခြေခံ၍ကိတ်မုန့်ပြုလုပ်နည်း
၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်းနှင့် မိုးလေဝသ
၁၈:၀၀ သားပိုက်ကောင်(ဇာတ်လမ်း)
၂၂:၀၀ Past Lives (နိုင်ငံခြားဇာတ်လမ်း)

### MRTV SPORTS / HTV Sports

၀၆:၀၀ အဖွင့်
၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
၀၆:၄၅ Sports Diary
၀၇:၄၀ Soccer View
၁၁:၀၀ အားကစားသတင်း
၁၅:၀၀ မြန်မာနေရှင်နယ်လိဂ် ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု Yangon United FC VS Myawady FC

Scan Here
MRTV
MRTV
MRTV Radio
MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ခရိုင်/မြို့နယ် တရားရုံးအချုပ်ခန်းများ၊ ရဲစခန်းအချုပ်ခန်းများနှင့် မော်လမြိုင်အချုပ်ထောင်တို့အား ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၁၂

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် အဖွဲ့ဝင် ဦးတင်အောင် ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ကော်မရှင်ဥပဒေ ပုဒ်မ ၄၃၊ ၄၄ ပြဋ္ဌာန်းချက်များ၊ ကော်မရှင်ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဇူလိုင် ၁၁ ရက်က မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ခရိုင်၊ မြို့နယ်တရားရုံးအချုပ်ခန်း၊ မြို့မရဲစခန်းနှင့် နယ်မြေရဲစခန်းတို့ရှိ အချုပ်ခန်းများကိုလည်းကောင်း၊ ဇူလိုင် ၁၂ ရက်တွင် မော်လမြိုင်အချုပ်ထောင်ကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။



ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ခရိုင်၊ မြို့နယ်တရားရုံးအချုပ်ခန်းများ၊ မြို့မရဲစခန်းနှင့် နယ်မြေရဲစခန်းအချုပ်ခန်းများကို ဝင်ရောက်ကြည့်ရှုစစ်ဆေးစဉ် ရီမန်ကာလအခြေအနေ၊ အချုပ်ခန်းများတွင် နေထိုင်စဉ်ကာလအတွင်း ညှဉ်းပန်းနှိပ်စက်မှု ရှိ/မရှိ၊ မိသားစုနှင့် တွေ့ဆုံနိုင်မှုအခြေအနေ၊ တရားရုံးတွင် ရုံးထုတ်ချိန်ကာလအတွင်း စားသောက်ရေးစီစဉ်ပေးမှု အခြေအနေ၊ အချုပ်ခန်းအတွင်း မိလ္လာသုံးစွဲမှုနှင့် အချုပ်ခန်းများအတွင်း သန့်ရှင်းမှုအခြေအနေ၊ တရားရုံးထုတ်စဉ် မိသားစုဝင်များ၊ အကျိုးဆောင်ရှေ့နေများနှင့် တွေ့ဆုံခွင့်ရရှိမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် မော်လမြိုင်အချုပ်ထောင်ကို ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသား အကျဉ်းသူ၊ အချုပ်သား အချုပ်သူများကို အိပ်ဆောင်များတွင် တွေ့ဆုံကာ အကျဉ်းသား၊ အချုပ်သားများ၏ နေထိုင်စားသောက်မှုအခြေအနေများ၊ ကျန်းမာရေးစောင့်ရှောက်မှုအခြေအနေ၊ သန့်ရှင်းသောသောက်ရေနှင့် သုံးရေသုံးစွဲမှုအခြေအနေ၊ မိသားစုနှင့်တွေ့ဆုံမှုအခြေအနေ၊ ထောင်ဝင်စာပစ္စည်းများ စုံလင်စွာရရှိခြင်း ရှိ/ မရှိ၊ ရသင့်ရထိုက်သော အသုံးအဆောင်ပစ္စည်းများ ရရှိခြင်း ရှိ / မရှိ၊ ညှဉ်းပန်းနှိပ်စက်မှု ရှိ / မရှိနှင့် အိပ်ဆောင်များအတွင်း သန့်ရှင်းမှု ရှိ/မရှိ၊ ယုံကြည်ရာကိုးကွယ်သည့် ဘာသာအလိုက် ဝတ်ပြုကိုးကွယ်ခွင့်ရရှိမှု ရှိ/ မရှိ စသည့် အကျဉ်းသား၊ အချုပ်သား တစ်ဦး၏ အနိမ့်ဆုံးရရှိရမည့်အခွင့်အရေးများ ရရှိခြင်း ရှိ / မရှိတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး သီးခြားလွတ်လပ်စွာ တွေ့ဆုံခွင့်တောင်းခံသူ အကျဉ်းသား အကျဉ်းသူ၊ အချုပ်သား အချုပ်သူများကိုလည်း တွေ့ဆုံမေးမြန်းမှတ်တမ်းတင်ခဲ့သည်။

အချုပ်ထောင်ကို ဝင်ရောက်ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသား အကျဉ်းသူ၊ အချုပ်သား အချုပ်သူများ၏ အိပ်ဆောင်များ၊ ဆေးပေးခန်း၊ စာကြည့်တိုက်၊ စားဖိုကြီး၊ ရိက္ခာဂိုဒေါင်၊ ရေသန့်စက်၊ သုံးရေကန်များ၊ အတွင်း၊ အပြင် မိလ္လာများ သန့်ရှင်းမှု ရှိ /မရှိ စသည်တို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့၏ ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို လိုအပ်သလို ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများသို့ ကော်မရှင်ဥပဒေနှင့်အညီ အကြံပြုပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



## ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး မြောင်းမြအကျဉ်းထောင်အား ကြည့်ရှုစစ်ဆေး

မြောင်းမြ ဇူလိုင် ၁၂

ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ဒေါ်မိုးမိုးအေးသည် တိုင်းဒေသကြီးတရားရေးဦးစီးမှူး ဒေါ်ထွေးထွေး၊ မြောင်းမြခရိုင်တရားသူကြီး ဒေါ်ခင်ဝင်းလှိုင်၊ လပွတ္တာခရိုင်တရားသူကြီး ဦးကျော်စိုးမိုးတို့နှင့်အတူ မြောင်းမြအကျဉ်းထောင်အား ယမန်နေ့က ကြည့်ရှုစစ်ဆေးခဲ့သည်။

ဦးစွာ မြောင်းမြအကျဉ်းထောင် တာဝန်ခံအရာရှိက အကျဉ်းထောင်အတွင်း အခြေအနေများအား ရှင်းလင်းတင်ပြခဲ့ပြီး တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးနှင့် တာဝန်ရှိသူများသည် အကျဉ်းထောင်အတွင်း အကျဉ်းသား အကျဉ်းသူ၊ အချုပ်သား အချုပ်သူများ နေထိုင်သည့်အဆောင်များ၊ စားဖိုဆောင်နှင့် ဆေးပေးခန်းတို့ကို လှည့်လည်ကြည့်ရှုကာ ၎င်းတို့၏ဥပဒေပါအခွင့်အရေးများရရှိခြင်း ရှိ / မရှိ၊ နေရာထိုင်ခင်းအဆင်ပြေမှု ရှိ / မရှိ၊ ကျန်းမာရေးစောင့်ရှောက်မှု ရ /မရ အခြေအနေများကို စစ်ဆေးမေးမြန်းခဲ့ပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် အကျဉ်းထောင်တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

ဇေယျာ(မြောင်းမြ)

## ဝါသီးနှံ အထွက်နှုန်းတိုးတက်စေရေးနှင့် Grade ခွဲခြားဝယ်ယူရေးလုပ်ငန်းရှင်များ၊ တောင်သူများ၊ သက်ဆိုင်ရာဌာနအဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေး

မိတ္ထီလာ ဇူလိုင် ၁၂

မန္တလေး တိုင်းဒေသကြီး မိတ္ထီလာခရိုင်တွင် ဝါသီးနှံတိုးချဲ့စိုက်ပျိုးရေး၊ သတ်မှတ်အရည်အသွေး ပြည့်မီပြီး အထွက်နှုန်းတိုးတက်လာစေရန်နှင့် Grade ခွဲခြားဝယ်ယူရေးလုပ်ငန်းရှင်များ၊ တောင်သူများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ သက်ဆိုင်ရာဌာနအဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးပွဲကို ဇူလိုင် ၁၀ ရက် နံနက်က ခရိုင်အထွေထွေအုပ်ချုပ်ရေး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။



တွေ့ဆုံဆွေးနွေးပွဲတွင် မိတ္ထီလာခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်ဇော်ဦးက မိတ္ထီလာခရိုင်အတွင်း ဝါသီးနှံတိုးချဲ့စိုက်ပျိုးရေးနှင့် သတ်မှတ်အရည်အသွေးပြည့်မီပြီး အထွက်နှုန်း တိုးတက်လာစေရေးနှင့် ပတ်သက်၍ အဖွင့်အမှာစကား ပြောကြားခဲ့ပြီး မိတ္ထီလာခရိုင် စိုက်ပျိုးရေးဦးစီးမှူး ဒေါ်စန္ဒာလင်းက မိတ္ထီလာခရိုင်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ဝါစိုက်ပျိုးထုတ်လုပ်မှုအခြေအနေများ၊ ဝါလုပ်ငန်းရှင်များက ဝါကြိတ်ခွဲထုတ်လုပ်ရာတွင် မျိုးကောင်းမျိုးသန့်များ ကြိတ်ခွဲဖြန့်ဖြူးရောင်းချရေး၊ ဝါဝယ်ယူရာတွင် Grade ခွဲခြားဝယ်ယူရေး၊ ဝါစိုက်တောင်သူများက ဝါကောက်ယူရာတွင် စနစ်တကျဖြင့် Grade ခွဲခြားကောက်ယူရေးနှင့် ဝါစိုက်ပျိုးရာတွင် လိုက်နာရမည့်အချက်များအား ရှင်းလင်းပြောကြားခဲ့သည်။ ၎င်းနောက် ဝါလုပ်ငန်းရှင်ဥက္ကဋ္ဌ ဦးဇော်ဇော်ဦးက ဝါလုပ်ငန်းရှင်အသင်းမှ ဆောင်ရွက်လျက်ရှိသည့် မျိုးကောင်းမျိုးသန့် လွှမ်းခြုံရေး၊ ဈေးကွက်တည်ငြိမ်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများအား ရှင်းလင်းပြောကြားခဲ့ပြီး ဒေသခံတောင်သူများက ဝါစိုက်ပျိုးရာတွင် တွေ့ကြုံရသည့် အခက်အခဲများ၊ ဝါမျိုးကောင်း မျိုးသန့်ရရှိရေး၊ ဝါဈေးနှုန်း ကောင်းမွန်ရေးတို့ကို ဆွေးနွေးတင်ပြခဲ့ရာ ခရိုင်အုပ်ချုပ်ရေးမှူးက ဆွေးနွေးတင်ပြမှုများအား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

မိတ္ထီလာခရိုင် စိုက်ပျိုးရေးဦးစီးဌာနရုံး၏ ကြီးကြပ်မှုအောက်ရှိ မိတ္ထီလာ၊ မလှိုင်၊ သာစည်၊ ဝမ်းတွင်းမြို့နယ်များတွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ဝါမျိုးစုံ စိုက်ဧက ၅၇၃၀၇ ဧက စိုက်ပျိုးသွားရန် သတ်မှတ်လျာထားကြောင်း သိရသည်။ သိန်းမြင့်ကျော်(မိတ္ထီလာ)

**နိုင်ငံ့ဝန်ထမ်းများအာ မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## သုံးခွမြို့နယ်၌ သန်းခေါင်စာရင်းကောက်ယူနိုင်ရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေ

သုံးခွ ဇူလိုင် ၁၂

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်၌ လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူနိုင်ရေး အသိပညာပေးလက်ကမ်းစာစောင်များကို အမှတ် (၄) ရပ်ကွက် အနော်ရထာလမ်းမပေါ်ရှိ ခရီးသွားပြည်သူများ၊ ဈေးရောင်း ဈေးဝယ်သူများအား ဖြန့်ဝေပေးခဲ့သည်။

၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူနိုင်ရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးမင်းအောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်လဝကဦးစီးမှူး ဦးထွန်းဆွေနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ၊ အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်ကြက်ခြေနီတပ်ဖွဲ့များ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

စည်သူလင်း (ပြန်/ဆက်)



# မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးမှ ကိုယ်စားလှယ်အဖွဲ့ အာဆီယံအဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့၏ အကြိမ်(၂၀)မြောက် ရုံးအဖွဲ့အစည်းအဝေးသို့ တက်ရောက်




နေပြည်တော် ဇူလိုင် ၁၂

မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ရုံး ဒုတိယ အမြဲတမ်းအတွင်းဝန် ဦးကျော်စိုး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ၂၀၂၄ ခုနှစ် ဇူလိုင် ၉ ရက်မှ ၁၀ ရက်အထိ လာအိုနိုင်ငံ လွမ်ပရာဘမ်မြို့ရှိ Angthong Hotel ၌ ကျင်းပခဲ့သည့် အာဆီယံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့ (ASEAN Parties Against Corruption_ ASEAN-PAC)၏ အကြိမ်(၂၀)မြောက် ရုံးအဖွဲ့အစည်းအဝေးနှင့် ၂၀၂၄ ခုနှစ် ဇူလိုင် ၁၁ ရက်တွင် ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး (United Nations Office on Drugs and Crimes–UNODC) နှင့် လာအိုနိုင်ငံ အစိုးရစုံစမ်းစစ်ဆေးရေး အာဏာပိုင်အဖွဲ့ (The State Inspection Authority of Lao PDR – SIA) တို့ပူးပေါင်း၍ ကျင်းပသည့် “Strengthening Capacity on Investigation and Asset Recovery for ASEAN-PAC Authorities” အလုပ်ရုံဆွေးနွေးပွဲများသို့ ASEAN-PAC အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များနှင့်အတူ တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် ၂၀၂၃ ခုနှစ် ဩဂုတ် ၁၆ ရက်မှ ၁၇ ရက်အထိ ကမ္ဘောဒီးယားနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့ (ACU) မှ အလှည့်ကျဥက္ကဋ္ဌ တာဝန်ယူစဉ်ကာလအတွင်း ကျင်းပခဲ့သည့် ASEAN-PAC ၏ (၁၉)ကြိမ်မြောက် ရုံးအဖွဲ့အစည်းအဝေးမှတ်တမ်းကို အတည်ပြုခြင်း၊ လာအိုနိုင်ငံ SIA ၏ အလှည့်ကျဥက္ကဋ္ဌ တာဝန်ယူစဉ်ကာလအတွင်း ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများ၊ တက်ရောက်ခဲ့သည့် အစည်းအဝေးများနှင့် စပ်လျဉ်း၍ ဆွေးနွေးခြင်း၊ ASEAN-PAC e-Booklet တရားဝင်ဖြန့်ဝေနိုင်ရေးကိစ္စရပ်အပေါ် ဆွေးနွေးခြင်း၊ ASEAN-PAC ၏ ၂၀၂၃-၂၀၂၅ Action Plan အပေါ် အကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေများကို ဆွေးနွေးခြင်း၊ ၂၀၂၄ ခုနှစ်အတွင်း ကျင်းပမည့် ASEAN-PAC အလုပ်ရုံဆွေးနွေးပွဲအတွက် ကြိုတင်ပြင်ဆင်ရမည့် အချက်များကိုဆွေးနွေးခြင်း၊ ၂၀၂၄ ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် (The Corruption Eradication Commission of Indonesia-KPK) မှ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အကြိမ်(၂၀)မြောက် အကြီးအမှူးများ အစည်းအဝေးအတွက် ကြိုတင်ပြင်ဆင်နိုင်ရေးဆွေးနွေးခြင်း၊ ASEAN-PAC Contact List နှင့်စပ်လျဉ်း၍ ဆွေးနွေးခြင်း၊ Focal Point သတ်မှတ်ခြင်းနှင့် စပ်လျဉ်း၍ ဆွေးနွေးခြင်း တို့ကိုဆောင်ရွက်ခဲ့ကြသည်။

မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် အနေဖြင့် အစည်းအဝေး အစီအစဉ်ပါ အကြောင်းအရာများကို ပါဝင်ဆွေးနွေးခြင်းအပြင် မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဆောင်ရွက်နေမှု၊ အာဆီယံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့ ASEAN-PAC အပါအဝင်ဒေသတွင်းအဂတိလိုက်စားမှုတိုက်ဖျက်ရေး အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှု၊ အဖွဲ့ဝင်နိုင်ငံအချို့နှင့် နှစ်နိုင်ငံနားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး ဆောင်ရွက်နေမှုနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းရပ်များကို ပါဝင်ဆွေးနွေးခဲ့သည်။

ဆက်လက်၍ ဇူလိုင် ၁၁ ရက်တွင် အဆိုပါ ဟိုတယ်၌ UNODC ကကြီးမှူးကျင်းပသည့် “Strengthening Capacity on Investigation and Asset Recovery for ASEAN-PAC Authorities” အလုပ်ရုံဆွေးနွေးပွဲသို့တက်ရောက်ခဲ့ကြောင်းနှင့် အစည်းအဝေးသို့ အလှည့်ကျ ဥက္ကဋ္ဌဖြစ်သည့် လာအိုနိုင်ငံ အစိုးရစုံစမ်းစစ်ဆေးရေးအာဏာပိုင်အဖွဲ့ (State Inspection Authority_SIA) မှ ကိုယ်စားလှယ်များ၊ ASEAN-PAC အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များတက်ရောက်ခဲ့ပြီး ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းရပ်များကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၃-၇-၂၀၂၄

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၇၀၀ | ၂၇၇၅ | ၂၇၅၅ | ၂၇၁၀ | ၂၇၇၅ | ၂၇၉၀ | ၂၈၀၀ | ၂၇၅၅ | ၂၈၉၀ | ၂၉၂၀ | ၂၇၆၅ | ၂၇၈၀ | ၂၈၁၅ | ၂၈၀၀ | ၂၈၁၅ | ၃၂၂၀ | ၃၈၀၀ |
| 95 Ron | ၂၈၂၀ | ၂၈၉၅ | ၂၈၇၅ | ၂၈၃၀ | ၂၉၀၀ | ၂၉၁၀ | ၂၉၂၀ | ၂၈၈၀ | ၃၀၁၀ | ၃၀၄၀ | ၂၈၈၅ | ၂၉၀၀ | ၂၉၃၅ | ၂၉၂၅ | ၂၉၃၅ | ၃၃၄၅ | ၃၉၅၀ |
| HSD (500 ppm) | ၂၄၆၅ | ၂၅၄၀ | ၂၅၂၀ | ၂၄၇၀ | ၂၅၄၀ | ၂၅၅၅ | ၂၅၆၅ | ၂၅၂၀ | ၂၆၅၀ | ၂၆၈၀ | ၂၅၁၀ | ၂၅၄၅ | ၂၅၇၅ | ၂၅၆၅ | ၂၅၈၀ | ၂၉၈၅ | ၃၉၀၀ |
| HSD (50 ppm) | ၂၈၉၀ | ၂၉၆၅ | ၂၉၄၅ | ၂၉၀၀ | ၂၉၇၀ | ၂၉၈၀ | ၂၉၉၅ | ၂၉၅၀ | ၃၀၈၀ | ၃၁၁၀ | ၂၉၅၅ | ၂၉၇၀ | ၃၀၀၅ | ၂၉၉၅ | ၃၀၀၅ | ၃၄၁၅ | ၃၉၀၀ |
| HSD (10 ppm) | ၂၈၉၀ | ၂၉၆၅ | ၂၉၄၅ | ၂၉၀၀ | ၂၉၇၀ | ၂၉၈၀ | ၂၉၉၅ | ၂၉၅၀ | ၃၀၈၀ | ၃၁၁၀ | ၂၉၅၅ | ၂၉၇၀ | ၃၀၀၅ | ၂၉၉၅ | ၃၀၀၅ | ၃၄၁၅ | ၃၉၀၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၅၅၃ | ၂၆၃၇ |
| 95 Ron | ၂၆၇၀ | ၂၇၅၇ |
| HSD (500 ppm) | ၂၃၂၄ | ၂၄၀၀ |
| HSD (50 ppm) | ၂၇၃၈ | ၂၈၂၂ |
| HSD (10 ppm) | ၂၇၃၈ | ၂၈၂၂ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**




# ဂျပန်နိုင်ငံ ဖူကူအိုကာမြို့၌ ကျင်းပမည့် နွေရာသီအပြည်ပြည်ဆိုင်ရာ လူငယ်များတွေ့ဆုံပွဲ (၂၀၂၄) သို့ တက်ရောက်မည့် မြန်မာကျောင်းသားလူငယ်အဖွဲ့ ထွက်ခွာ

ရန်ကုန် ဇူလိုင် ၁၂

ဂျပန်နိုင်ငံ ဖူကူအိုကာမြို့ အခြေစိုက် အာရှပစိဖိတ်ဒေသ ကလေးများဆိုင်ရာကွန်ဗင်းရှင်း (Asian-Pacific Children’s Convention – APCC) မှ ဦးစီး၍ ဖူကူအိုကာမြို့တွင် ဇူလိုင် ၁၃ ရက်မှ ၂၂ ရက်အထိ ကျင်းပမည့် နွေရာသီအပြည်ပြည်ဆိုင်ရာ လူငယ်များတွေ့ဆုံစခန်းချပွဲ (BRIDGE Summer Camp – 2024) သို့ Junior Ambassador အဖြစ် မြန်မာနိုင်ငံမှ ပါဝင်တက်ရောက်မည့် အခြေခံပညာကျောင်းသား ကျောင်းသူ လူငယ်လေးဦးဖြစ်သော မောင်လင်းထက်ပိုင် (အထက-၁၊ ဒဂုံ)၊ မောင်ဘုန်းဇေဟိန်း (ကမာရွတ်လေ့ကျင့်ရေးကျောင်း TTC၊ ရန်ကုန်)၊ မသွန်းသက်ထားအောင် (အထက-၁၊ ဒဂုံ)၊ မရှင်းသန့်ဖြူ (အထက-၂၊ မင်္ဂလာဒုံ၊ အောင်ဆန်းသူရိယလှသောင်းကျောင်း) တို့အား မြန်မာ-ဂျပန် အသင်း (MJA) မှ အတွင်းရေးမှူးဖြစ်သူ ဒေါက်တာဌေးလွင်က အုပ်ချုပ်သူအဖြစ် ဦးစီးလိုက်ပါ၍ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ဇူလိုင် ၁၂ ရက် ညနေတွင် ထိုင်းလေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ မြန်မာ-ဂျပန်အသင်းမှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာ မိဘအုပ်ထိန်းသူများက လေဆိပ်သို့လိုက်ပါပို့ဆောင် နှုတ်ဆက်ခဲ့ကြသည်။

မြန်မာကျောင်းသားလူငယ်အဖွဲ့သည် ၁၀ ရက်ကြာ စခန်းချကာလအတွင်း အခြား အာရှ-ပစိဖိတ်ဒေသ ၄၈ နိုင်ငံမှ ကျောင်းသားလူငယ်များနှင့်အတူ စခန်းဝင်တွေ့ဆုံခြင်း၊ အသက်ရွယ်တူ ဂျပန်ကျောင်းသားကျောင်းသူများ၏ ကျောင်းများသို့ အတူသွားရောက်လေ့လာခြင်းနှင့် ဂျပန်ကျောင်းသား ကျောင်းသူများ၏ နေအိမ်တွင် Home Stay နေထိုင်ခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

စခန်းချကာလအတွင်း ပါဝင်တက်ရောက်ကြသည့် နိုင်ငံစုံမှ ကျောင်းသား ကျောင်းသူများ၏ ယဉ်ကျေးမှုပွဲတော် အစီအစဉ်ဖြစ်သော “We are the BRIDGE Festival – 2024” ကို ဇူလိုင် ၁၉ ရက် ဒေသစံတော်ချိန် (၁၄: ၃၀) နာရီ မှ (၁၈: ၀၀) နာရီအထိ ဖူကူအိုကာမြို့ Marine House တွင် ကျင်းပမည်ဖြစ်ရာ တစ်နိုင်ငံချင်းအလိုက် ကပြဖျော်ဖြေကြရမည်ဖြစ်ပြီး မြန်မာကျောင်းသားလူငယ်အဖွဲ့သည် အစီအစဉ် (၁၆) အဖြစ် ဒေသစံတော်ချိန် (၁၅: ၄၅) နာရီ၊ မြန်မာစံတော်ချိန် (၁၃:၁၅) နာရီ၌ ဖျော်ဖြေရမည်ဖြစ်သည်။ ယဉ်ကျေးမှုပွဲတော်အစီအစဉ်များကို ZOOM Meeting ဖြင့် ဝင်ရောက်ကြည့်ရှုနိုင်မည်ဖြစ်၍ မြန်မာနိုင်ငံမှ တက်ရောက်သည့် ကျောင်းသား ကျောင်းသူများ၏ မိဘဆွေမျိုးများ၊ သက်ဆိုင်ရာကျောင်းများမှ ဆရာ ဆရာမနှင့် ကျောင်းသားကျောင်းသူများ၊ စိတ်ဝင်စားသူများအနေဖြင့် ဝင်ရောက်ကြည့်ရှုလိုပါက ZOOM Meeting Link နှင့် Meeting ID များကို မြန်မာ-ဂျပန်အသင်းရုံး ရန်ကုန်တွင် ဆက်သွယ်စုံစမ်းရယူနိုင်ကြောင်း သိရသည်။

မြန်မာကျောင်းသားလူငယ်အဖွဲ့သည် ဂျပန်နိုင်ငံမှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဇူလိုင် ၂၃ ရက် ညနေပိုင်းတွင် ထိုင်းလေကြောင်းခရီးစဉ်ဖြင့် ပြန်လည်ရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံ့လရှောင်ကြဉ်ကြပါစို့**

## မော်လမြိုင်၌ လေပြင်းဒဏ်ခံ အုန်းပင်စိုက်ပျိုးပွဲ အခမ်းအနားကျင်းပ

မော်လမြိုင် ဇူလိုင် ၁၂

၂၀၂၄ခုနှစ် မိုးရာသီ လေပြင်းဒဏ်ခံ အုန်းပင်စိုက်ပျိုးပွဲ အခမ်းအနားကို ဇူလိုင် ၉ ရက် နံနက်ပိုင်းက မော်လမြိုင်မြို့ မန္တလေးရပ်ကွက် ပြည်နယ်တရားလွှတ်တော်ရုံးအရှေ့ သံလွင်မြစ်ကမ်းဘေး၌ ကျင်းပသည်။

ဦးစွာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက အုန်းပင်များသည် ကွေးညွတ်နိုင်သည့် ပင်စည်များရှိသည့်အတွက် လေပြင်းဒဏ်ခံနိုင်ပြီး လေကာပင်အဖြစ် အသုံးဝင်လှကြောင်း၊ ဒီရေတောများသည် ကမ်းရိုးတန်းဒေသအတွက် အကျိုးပြုမှုများစွာရှိပြီး ငါးသယံဇာတနှင့် အစားအစာလိုအပ်ချက်ကို ဖြည့်တင်းပေးနိုင်ခြင်း၊ ကမ်းရိုးတန်းဒေသနေ ပြည်သူများအတွက် အသက်မွေးဝမ်းကျောင်းကို ထောက်ပံ့ပေးနိုင်ခြင်း၊ သမုဒ္ဒရာနှင့် သန္တာကျောက်တန်းများသို့ ရောက်ရှိမည့် အမှိုက်သရိုက်များ စစ်ထုတ်ပေးနိုင်ခြင်း၊ ကမ်းရိုးတန်းတိုက်စားမှုနှင့် မုန်တိုင်းဒဏ်မှ ကာကွယ်ပေးနိုင်ခြင်း၊ ခရီးသွားလုပ်ငန်း အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခြင်း၊ ကာဗွန်ရောင်းချခြင်းဖြင့် နိုင်ငံတော်အတွက် ဘဏ္ဍာငွေရရှိနိုင်ခြင်း စသည့်အကျိုးကျေးဇူးများစွာ ရရှိစေနိုင်ကြောင်း၊ ကမ်းရိုးတန်းဂေဟစနစ်များ တည်ငြိမ်ကောင်းမွန်စေရန် ဆက်စပ်ဌာနဆိုင်ရာများအားလုံး ပူးပေါင်းဆောင်ရွက်ကြရန်လိုအပ်သကဲ့သို့ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်မှုလျော့ပါးသက်သာစေရန် နည်းလမ်းအမျိုးမျိုးရှိသည့်အနက် အခြေခံအကျဆုံး နည်းလမ်းဖြစ်သည့် ဒီရေတောနှင့် အရိပ်ရလေကာပင်များ တိုးမြှင့်စိုက်ပျိုးကြစေလိုကြောင်း တိုက်တွန်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များက အုန်းပင်အရေအတွက် ၂၅၀ ကို စိုက်ပျိုးခဲ့ကြပြီး တက်ရောက်လာသူများက တပျော်တပါး အုန်းပင်စိုက်ပျိုးနေမှုကို ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)






## ဗဟန်းမြို့နယ်၌ (၇၇)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် ပြိုင်ပွဲများကျင်းပ

ရန်ကုန် ဇူလိုင် ၁၂

(၇၇)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် ပြိုင်ပွဲများကို ဇူလိုင် ၁၁ ရက်နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်ခရိုင် ဗဟန်းမြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲတွင် ဗဟန်းမြို့နယ် ပညာရေးမှူးဆရာကြီး ဦးငွေဝင်းက ပြိုင်ပွဲများကျင်းပရခြင်း၏ ရည်ရွယ်ချက်များ၊ စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး ကဗျာပြိုင်ပွဲ၊ စာစီစာကုံး ပြိုင်ပွဲနှင့် ဆောင်းပါးပြိုင်ပွဲများကို အခန်းများအသီးသီး၌ ကျင်းပခဲ့သည်။

အာဇာနည်နေ့အထိမ်းအမှတ် ကဗျာပြိုင်ပွဲသို့ ကျောင်းသားကျောင်းသူ ၂၅ ဦး၊ စာစီစာကုံးပြိုင်ပွဲသို့ ကျောင်းသား ကျောင်းသူ ၅၆ ဦးနှင့် ဆောင်းပါးပြိုင်ပွဲသို့ ကျောင်းသား ကျောင်းသူခုနစ်ဦး စုစုပေါင်း ၈၈ ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

အောင်မြင့်(ပြန်/ဆက်)

## လသာမြို့နယ်၌ (၇၇)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်ဟောပြောပွဲ ပြိုင်ပွဲများကျင်းပ

လသာ ဇူလိုင် ၁၂

ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ်တွင် (၇၇)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် ဟောပြောပွဲ၊ စာစီစာကုံးနှင့် ကဗျာရေးပြိုင်ပွဲများကို ဇူလိုင် ၁၀ ရက်က အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ပညာရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခေတ္တမြို့နယ်ပညာရေးမှူး ဦးခင်မောင်ဝင်းက အဖွင့်အမှာစကား ပြောကြားပြီး အထက်တန်းပြ ဆရာမ ဒေါ်ထွန်းထွန်းလတ်က အာဇာနည်နေ့ ဖြစ်ပေါ်လာပုံ အကြောင်း ဟောပြော၍ အလယ်တန်းပြ ဆရာ ဦးဝေယံထွန်းက အာဇာနည်ကိုးဦးအကြောင်း ဟောပြောသည်။



ဆက်လက်၍ စာစီစာကုံးနှင့် ကဗျာရေးပြိုင်ပွဲကို အာဇာနည်နေ့နှင့် ယနေ့လူငယ်ခေါင်းစဉ်ဖြင့်ကျင်းပခဲ့ရာ အထက်တန်းဆင့်၊ အလယ်တန်းဆင့်၊ မူလတန်းဆင့် ကျောင်းသား ကျောင်းသူ ၃၂ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း၊ ဆုရရှိသူများအား (၇၇) နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားတွင် ဆုချီးမြှင့်သွားမည် ဖြစ်ကြောင်း သိရသည်။

သဲနုအောင်(ပြန်/ဆက်)

## ကွမ်းခြံကုန်းမြို့နယ်၌ (၇၇)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ်စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲများ ကျင်းပ

ကွမ်းခြံကုန်း ဇူလိုင် ၁၂

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ်တွင် (၇၇ )နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကို ဇူလိုင် ၁၁ ရက်က အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

အဆိုပါ စာစီစာကုံးပြိုင်ပွဲ၌ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှအထက်တန်းအဆင့်ကျောင်းသား ကျောင်းသူ ၁၄ ဦး၊ အလယ်တန်းအဆင့်ကျောင်းသား ကျောင်းသူ ၂၄ ဦးနှင့် မူလတန်းအဆင့် ကျောင်းသား ကျောင်းသူ ၂၂ ဦး စုစုပေါင်းပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူ ၆၀ တို့က (၁၉)ဇူလိုင်မမေ့နိုင် စသည့်ခေါင်းစဉ်ဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။



ပြိုင်ပွဲတွင် ဆုရကျောင်းသား ကျောင်းသူများကို ဇူလိုင်လ(၁၉)ရက်နေ့တွင်ကျရောက်မည့် အာဇာနည်နေ့တွင် အထက်တန်း၊ အလယ်တန်း၊ မူလတန်းဆင့်အလိုက် ဆုများချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

ဆွေနွယ်(ပြန်/ဆက်)

## လမ်းမတော်မြို့နယ် အထက(၂) တွင် ကဗျာ၊ စာစီစာကုံး၊ ပန်းချီပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၁၂

ရန်ကုန်တိုင်း ဒေသကြီး လမ်းမတော်မြို့နယ်တွင် (၇၇) နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် လမ်းမတော်မြို့နယ် အထက(၂) ကျောင်းတွင် ကဗျာ၊ စာစီစာကုံး၊ ပန်းချီပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇူလိုင် ၁၀ ရက်က အဆိုပါကျောင်းရှိ မြတ်ပညာခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် အထက (၂) လမ်းမတော် ကျောင်းအုပ်ဆရာမကြီး ဒေါ်နီလာမော်က၊ အာဇာနည်နေ့ဖြစ်ပေါ်လာပုံ သမိုင်းကြောင်းနှင့် အာဇာနည်ခေါင်းဆောင်ကိုးဦး၏ အတ္ထုပ္ပတ္တိ အကြောင်းကို ဟောပြောခဲ့သည်။

အဆိုပါ ဟောပြောပွဲသို့ ပညာရေးစစ်ကြောင်း အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများ ကျောင်းသား ကျောင်းသူ ၂၅၀ တက်ရောက်ခဲ့ကြသည်။

ထို့နောက် ဆုရရှိသောကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူက ဆုများချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

ကျော်ဆန်းမြင့်

## ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာ အလယ်တန်းကျောင်းတွင် (၇၇)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် ဟောပြောပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၁၂

ရန်ကုန်တိုင်း ဒေသကြီး ဒဂုံမြို့နယ် အမှတ်(၁)အခြေခံပညာ အလယ်တန်းကျောင်းတွင် အာဇာနည်နေ့ အထိမ်းအမှတ် ဟောပြောပွဲ၊ နံရံကပ်စာစောင်ပြပွဲနှင့် စာအုပ်ပြပွဲကို ဇူလိုင် ၁၁ ရက်က ကျင်းပသည်။



အဆိုပါ အခမ်းအနားတွင် အမှတ်(၁)အခြေခံပညာအလယ်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာဒေါ်ဥမ္မာထွေးက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး အာဇာနည်နေ့ အထိမ်းအမှတ်အဖြစ် ပေါ်ပေါက်လာပုံကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လွဲလွဲအေးက အနာဂတ် သားကောင်းရတနာများကို မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်စေရန် ဗိုလ်ချုပ်အောင်ဆန်း၏စိတ်နေစိတ်ထား၊အနစ်နာခံကိုယ်ကျိုးစွန့်ပြီး နိုင်ငံတော်ကို ကာကွယ် စောင့်ရှောက်ခဲ့ပုံများကို ဟောပြောခဲ့သည်။

လွဲလွဲ(ပြန်/ဆက်)

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် အမှတ်(၂) တပ်မတော်ဆေးရုံခုတင်(၇၀၀)ရှိ လူနာများအား သွားရောက်ကြည့်ရှု၊ အာဟာရပြည့်ပစ္စည်းများ ထောက်ပံ့ပေးအပ်

အောင်ပန်း ဇူလိုင် ၁၂

ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ အမှတ်(၂) တပ်မတော်ဆေးရုံခုတင်(၇၀၀) ဆေးရုံအုပ်ကြီးနှင့် တပ်မတော် အရာရှိကြီးများ၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့် တာဝန်ရှိသူများသည် ယနေ့နံနက် ၉ နာရီခွဲတွင် အောင်ပန်းမြို့ အမှတ်(၂) တပ်မတော်ဆေးရုံခုတင်(၇၀၀) တွင်ဆေးလာရောက်ကုသနေသော တပ်မတော်သားများ၊ ပြည်သူ့စစ်များနှင့် ဒေသခံပြည်သူများကို သွားရောက်ကြည့်ရှု အားပေးစကားပြောကြား၍ အာဟာရပြည့် စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။



ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယတိုင်းမှူး၊ ပြည်နယ်ဝန်ကြီးများသည် အမှတ်(၅၅) တပ်မဌာနချုပ်၊ အမှတ်(၉၄) ခြေလျင်တပ်ရင်း ဇောတိကခန်းမတွင် တိုက်ပွဲရှောင်ပြည်သူများအား တွေ့ဆုံ၍ အားပေးစကားပြောကြားပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့သည့် ဆန်နှင့် ထောက်ပံ့ငွေများကို ပြည်နယ်ဝန်ကြီးချုပ်က ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

# မရမ်းကုန်းမြို့နယ် အထက(၁)၌ (၇၇)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် အသိပညာပေးဟောပြော

ရန်ကုန် ဇူလိုင် ၁၂

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း စန္ဒိမာခန်းမ၌ ဇူလိုင် ၁၁ ရက် နံနက် ၉ နာရီက (၇၇)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

ဟောပြောပွဲတွင် မရမ်းကုန်းမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးမင်းကိုကိုဦးက အာဇာနည်နေ့ပေါ်ပေါက်လာပုံနှင့် နောက်ခံသမိုင်းအကျဉ်း၊ အာဇာနည်နေ့ကျင်းပရခြင်း၏ ရည်ရွယ်ချက်များ စသည်ဖြင့် အသိပညာပေးဟောပြောခဲ့သည်။ ဟောပြောပွဲသို့ အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၅၄၃ ဦးနှင့် ဆရာဆရာမ ၂၀ တက်ရောက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



# ဧရာဝတီမြစ်နှင့် ဝေနမြစ် ရေကြီးခြင်းသတိပေးချက်

နေပြည်တော် ဇူလိုင် ၁၂

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ချောက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် လေးပေကျော်ခန့်(၁၂၉ စင်တီမီတာ)တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် မင်းဘူးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် နှစ်ပေခန့် (၆၁ စင်တီမီတာ) တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် မကွေးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် သုံးပေကျော်ခန့်(၉၆ စင်တီမီတာ)တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် အောင်လံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် သုံးပေခွဲခန့်(၁၀၈ စင်တီမီတာ) တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ပြည်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် သုံးပေခွဲကျော်ခန့် (၁၁၂ စင်တီမီတာ) တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဆိပ်သာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် နှစ်ပေခန့်(၅၉ စင်တီမီတာ) တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဟင်္သာတမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် နှစ်ပေခွဲခန့်(၆၉ စင်တီမီတာ) တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဇလွန်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် သုံးပေခန့်(၉၂ စင်တီမီတာ) တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ဝေနမြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် သုံးပေခန့်(၈၉ စင်တီမီတာ) တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ချောက်မြို့နယ်၊ မင်းဘူးမြို့နယ်၊ မကွေးမြို့နယ်၊ အောင်လံမြို့နယ်၊ ပြည်မြို့နယ်၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နယ်၊ ဇလွန်မြို့နယ်နှင့် ငါးသိုင်းချောင်းမြို့များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**


## မိုးရာသီကာလတွင် ဖြစ်ပွားမှုများပြားနိုင်သည့် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ

ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ

- **ပြင်းထန်ဝမ်းပျက်ဝမ်းလျှော** ရောဂါသည် ဝမ်းရောဂါဖြစ်ပွားစေသောရောဂါပိုးများပါရှိသည့် မသန့်ရှင်းသောရေနှင့် အစားအစာများ စားသောက်မိရာမှတစ်ဆင့်ကူးစက်ဖြစ်ပွားစေပါသည်။
- **ရာသီမရွေးဖြစ်ပွားလေ့ရှိပြီး** အထူးသဖြင့် မိုးဦးကျကာလနှင့် မိုးအကုန်ဆောင်းအကူးတွင် အဖြစ်များသည်။
- **ရောဂါပိုးပါဝင်သည့်** ဝမ်းအညစ်အကြေးများတွင်ရှိနေသော ရောဂါပိုးများသည် ယင်ကောင်မှတစ်ဆင့်လည်းကောင်း၊ မသန့်ရှင်းသောလက် စသည်တို့မှ တစ်ဆင့် လည်းကောင်း၊ အစားအစာ သောက်သုံးရေများအတွင်းသို့ရောက်ရှိခြင်း(သို့မဟုတ်) တိုက်ရိုက်ဝင်ရောက်ခြင်း(ဥပမာ – မိလ္လာပိုက်ပေါက်ခြင်း၊အညစ်အကြေး မြေသြဇာအသုံးပြုခြင်း)တို့မှ တစ်ဆင့် စားသောက်မိသူများအားကူးစက်စေပြီး တစ်ဦးမှတစ်ဦးသို့ ရောဂါဆက်လက်ကူးစက်စေပါသည်။
- **ရောဂါလက္ခဏာများမှာ** အရည်ဝမ်းများစွာသွားခြင်း၊ ငါးညှီနံ့နံသော ဆန်ဆေးရည်ကဲ့သို့ ဝမ်းသွားခြင်း၊ အော့အန်ခြင်း၊နှလုံးခုန်နှုန်းမြန်ခြင်း၊ အရေပြား၏ကျုံ့ဆန့်နိုင်အား လျော့နည်းလာခြင်း၊ မျက်တွင်းချိုင့်ဝင်ခြင်း၊ ခံတွင်း/လျှာနှင့်နှုတ်ခမ်းများခြောက်သွေ့ခြင်း၊ ကြွက်တက်ခြင်း၊ သတိလစ်ခြင်းတို့ဖြစ်ပါသည်။
- **ကြိုတင်ကာကွယ်နိုင်သောနည်းလမ်းများမှာ–**
  - အစာမစားမီနှင့် အစားအစာမပြင်ဆင်မီအချိန်၊ အညစ်အကြေးနှင့် အမှိုက်များ ကိုင်တွယ်ပြီးချိန်နှင့် အိမ်သာမှဆင်းချိန်တိုင်းတို့တွင် လက်ကိုဆပ်ပြာဖြင့်စင်ကြယ်စွာ စနစ်တကျ ဆေးကြောပါ။
  - တစ်ကိုယ်ရေသန့်ရှင်းရေးကို ဂရုပြုဆောင်ရွက်ပါ။
  - ယင်လုံအိမ်သာ ရာနှုန်းပြည့်သုံးစွဲပါ။
  - ရေကို ကျိုချက်၍သောက်သုံးပါ။
  - အစားအစာများကို ကျက်အောင်ချက်ပြီးမှစားသုံးပါ။
  - အစားအစာများကို ယင်မနားအောင် လုံခြုံစွာ ဖုံးအုပ်ထားပါ။
  - ခြင်၊ ယင် တို့ မပေါက်ပွားစေရန် ပတ်ဝန်းကျင် သန့်ရှင်းရေးကို အထူးဂရုပြုဆောင်ရွက်ပါ။



ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားသည်ဟု သံသယရှိလျှင် အချိန်မီကုသမှုခံယူရန် နီးစပ်ရာကျန်းမာရေးဌာနများနှင့်ပြည်သူ့ဆေးရုံများသို့သွားရောက်ပြသပါ။

ဇူလိုင်၊ ၂၀၂၄


○ မြန်မာ့လက်ရွေးစင်မှ

နော်ထက်ထက်ဝေ၊ ယဉ်လွန်းအိမ်၊ စန်းသော်သော်၊ ဝင်းသီဂီထွန်းတို့ကို ဆက်လက်အသုံးပြုခဲ့သည်။

ပထမပိုင်းတွင် နှစ်သင်းစလုံး ဂိုးသွင်းယူနိုင်ခြင်းမရှိဘဲ ၄၇ မိနစ်တွင် ပီယာရီဆာဆာက အိန္ဒိယအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ သို့သော် နှစ်မိနစ်အကြာမှာပင် မြန်မာအသင်း ချေပဂိုးပြန်ရခဲ့ပြီး တိုက်စစ်မှူး ဝင်းသီဂီထွန်းက သွင်းယူခဲ့သည်။ ယင်းနောက်ပိုင်းတွင် နှစ်သင်းစလုံး ဂိုးထပ်ရနိုင်သည့် အခွင့်အရေးများရခဲ့သော်လည်း အသုံးမချနိုင်သဖြင့် တစ်ဂိုးစီသရေရလဒ်အတိုင်း ပြီးဆုံးခဲ့ခြင်းဖြစ်သည်။

**သတင်း – ကိုညီလေး၊ ဓာတ်ပုံ – MFF**

**နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ပုဏ္ဏားကုန်းရပ်ကွက်၊ (၁၃၃)လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၃စီ-၆)၊ မြေကွက်အမှတ်(အက်စ်-၅၁၈ အက်စ်, ၅၁၈ အက်စ်-၁)၊ မြေပေါ်၌ ဆောက်လုပ်ထားသော အိမ်အမှတ်(၄၅)အိမ်ကို လက်ဝယ်ထားရှိပိုင်ဆိုင်ကြောင်းနှင့် နေထိုင်ကြသည့် အောက်ထပ်မှ မမင်းမင်းထွန်း [၁၂/တမန(နိုင်)၁၀၂၇၂၈] ပါ (၈)ဦးနှင့် အပေါ်ထပ်မှ ဒေါ်ရင်ရင်ဆွေ [၁၂/တမန(နိုင်) ၁၅၀၁၉၄] ပါ (၄)ဦးတို့မှ အိမ်ဟောင်းအဆောက်အဦသက်သက် အကျိုးခံစားခွင့်ကို ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်တို့၏မိတ်ဆွေမှ ဝယ်ယူရန် စရန်ငွေပေးချေထား၍ ကန့်ကွက်လိုသူရှိပါက ဤကြေညာပါသည့်နေ့မှ (၇)ရက်နောက်ဆုံးထားလျက် ခိုင်လုံသည့်စာချုပ် စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို အပြီးသတ်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဦးမြသိန်း(ပုဗ္ဗန်တောင်)(ဥပဒေဘွဲ့) ဒေါ်စန္ဒာဝင်း(ရွှေပြည်သာ) (ဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၆၅၁၇) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၄၅၃)**
**(ရုံး)အမှတ်- (၁၅၅)(ပထပ်)၊ (၄၆)လမ်း(အထက်)၊ (၁၀)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၅၅၁၆၈၄၁၅၊ ၀၉-၄၂၅၀၁၈၀၀၀၊ ၀၉-၇၃၁၀၇၀၂၈၊ ၀၉-၆၆၄၂၈၂၇၉၂**

## အများသိစေရန်ကြေညာခြင်း

ဗဟန်းမြို့နယ် (ကောင်းထက်ကျော်) ကိုယ်ပိုင်အထက်တန်းကျောင်း)၌ Grade(11) အတန်းတွင် ပညာသင်ကြားလျက် ရှိသော ကျွန်တော် ဦးအောင်ကျော်စိုး ၏ သမီးဖြစ်သူ "မသန့်သဒ္ဒါအောင်"ဟု မှားယွင်းစွာ မှတ်သားတည်ရှိပြီး အမည်မှန်မှာ မှတ်ပုံတင်တွင်လည်းကောင်း၊ မွေးစာရင်းတွင်လည်းကောင်း၊ သန်းခေါင်စာရင်းတွင်လည်းကောင်း၊ "မသန့်သဒ္ဓါအောင်" သာလျှင် အမှန်ဖြစ်ပါကြောင်း ဖခင်ဖြစ်သူ ကျွန်တော် ဦးအောင်ကျော်စိုး မှ အများသိစေရန် ကြေညာအပ်ပါသည်။

ဦးအောင်ကျော်စိုး
အမှတ် (၆၅၀)၊ ဗညားဒွဲ့လမ်း၊ ၃၈ ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၉-၇၅၀၃၀၉၀၉၀

## ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ်၊ အ.ထ.က (ကဝက်)၊ ကျောင်းဝင်အမှတ် (၇၀၄၉) Grade-12, Steams (1)မှ မစန္ဒာအောင်၏ ဖခင်အမည်မှန်မှာ ဦးပိပိ [၁၄/မမန (နိုင်)၁၈၆၆၂၇] ဖြစ်ပါကြောင်း။

**ဦးပိပိ**

## မိဘအမည်မှန်

ရေးခရိုင်၊ ရေးမြို့၊ အ.ထ.က(၂) Grade(11)မှ မောင်လင်းဦးနှင့် Grade(1)မှ မောင်သီဟအောင်တို့၏ မိဘအမည်မှန်မှာ ဦးကွန်းပလေး [၁၀/ရမန(နိုင်) ၀၉၁၅၉၀]နှင့် ဒေါ်ချို [၁၀/ရမန(နိုင်) ၀၉၈၆၄၁] ဖြစ်ပါကြောင်း။

**ဦးကွန်းပလေး၊ ဒေါ်ချို**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀ )**
**မရမ်းကုန်းခရိုင် တရားရုံးတော်**
**၂၀၂၄ ခုနှစ်၊ တရားမကြီးမှု အမှတ် ၁၄၁**

| | | |
|---|---|---|
| ၁။ ဦးအောင်သန်းဌေး<br>၂။ ဦးဘိုကြီး<br>(၎င်းတို့၏အခွင့်ရကိုယ်စားလှယ် ဦးအောင်မိုး)<br>တရားလိုများ | နှင့် | ၁။ ဦးဘအေး<br>၂။ ဦးသန်းဇော်<br>တရားပြိုင်များ |

**ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ (၅)လမ်း၊ အခန်း (၄-က)၊ အမှတ် ၃၃၅ နေ (၁)တရားပြိုင် ဦးဘအေး (ယခုနေရပ်လိပ်စာမသိ)**သိစေရမည်။

သင့်အပေါ်၌ **တရားလိုများက အိမ်နှင့်မြေအရောင်းအဝယ်စာချုပ်အား** တရားဝင်မှတ်ပုံတင်ပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက် (၁၃၈၆ ခုနှစ်၊ ဝါဆိုလဆုတ် ၄ ရက်)နေ့ မွန်းမတည့်မီ ၁၀:၀၀ နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် **စာရွက်စာတမ်း**များနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မြတ်ခိုင်ဝင်း)**
**ခရိုင်တရားသူကြီး**
**မရမ်းကုန်းခရိုင်တရားရုံး**

## မိခင်အမည်မှန်

ရေးခရိုင်၊ ရေးမြို့၊ အ.ထ.က (၂) Grade(11)မှ မောင်ခိုင်ဆွေဦး၏ မိခင်အမည်မှန်မှာ ဒေါ်ပန်းမော် [၁၀/ရမန (နိုင်) ၁၇၃၀၄၉] ဖြစ်ပါကြောင်း။

**ဒေါ်ပန်းမော်**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ် (၃)ရပ်ကွက်၊ အကွက်အမှတ်- စျ-၆၊ ဦးပိုင်အမှတ် (၉၀)၊ ၆၀x၆၁ လမ်းကြား၊ မနော်ဟရီလမ်းရှိ ဂရန် မြေကွက် အမည်ပေါက်သူ ဦးအိုက်မောင် [၁၃/လရန (နိုင်) ၁၀၀၉၅၆]၊ ဒေါ်ခင်ထား [၁/ဗမန(နိုင်) ၀၃၈၆၆၂]တို့က အမှုတွဲအမှတ် (၂၀၀၄/၂၀၂၄-၂၀၂၅)ဖြင့် သက်တမ်းတိုးလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## မိခင်အမည်မှန်

ရေးခရိုင်၊ ရေးမြို့၊ အ.ထ.က (၂) Grade(11)မှ မောင်နိုင်လင်းခန့်၏ မိခင်အမည်မှန်မှာ ဒေါ်အေးတင် [၁၀/ရမန (နိုင်) ၀၉၇၀၈၄] ဖြစ်ပါကြောင်း။

**ဒေါ်အေးတင်**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ ဂရုဏာလမ်း၊ မြေကွက်အမှတ်(၁၁၃၇/E)၊ ဧရိယာ (၄၀ပေ x ၆၀ပေ)၊ (၀.၀၅၅)ဧက၊ (၂၄၀၀)စတုရန်းပေ အကျယ်အဝန်းရှိ ဒေါ်မြင့်မြင့်ကျော် အမည်ပေါက် နှစ်(၆၀)ဂရန်မြေ အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်၌ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့် အရပ်ရပ်ကို မြေအမည်ပေါက် ပိုင်ရှင် ဒေါ်မြင့်မြင့်ကျော်ထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပြီးလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသူ ဦးမင်းသူရ [၁၂/လမတ(နိုင်) ၀၀၁၇၁၆] နှင့် ဦးစုလှိုင် [၁၁/မအန (နိုင်) ၀၄၂၁၂၇]တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်မေမေအောင် [၁၂/ပဘတ(နိုင်) ၀၂၁၁၃၈] က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်မှုအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးကိုကိုဇော်** — **LL.B, W.I.P.O (Swit)** — **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၇၆၂)**
**ဒေါ်နှင်းဇာခြည်မြင့်** — **LL.B,D.B.L,D.M.L, D.I.L, D.I.P.L, W.I.P.O (Swit)** — **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၂၄၁)**
**အမှတ် (၆၂)၊ ပထမထပ်၊ အခန်း (၁၆)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉-၅၀၉၃၉၇၀၊ ၀၉-၂၅၄၅၄၆၃၆၅၊ ၀၉-၄၄၃၁၀၅၅၈၃**

## တစ်ဦးတည်းဖြစ်ကြောင်း

မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ အ-လ-က (သဘော်ဦး) Grade-8 မှ မတာရာလမင်း၏ ဖခင် ဦးဇော်လင်း (၁၀/မဒန (နိုင်) ၁၆၆၉၃၀)နှင့် ဦးစိုးထွေးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးဇော်လင်း(ခ) ဦးစိုးထွေး**

## မိခင်အမည်မှန်

ရေးခရိုင်၊ ရေးမြို့၊ အ.ထ.က (၂) Grade(11)မှ မောင်သူရကိုကိုအောင်၏ မိခင်အမည်မှန်မှာ ဒေါ်ညိန်းညိန်း [၁၀/ရမန (နိုင်) ၀၀၅၆၁၉] ဖြစ်ပါကြောင်း။

**ဒေါ်ညိန်းညိန်း**

## တစ်ဦးတည်းဖြစ်ကြောင်း

မိုင်းဖြတ်မြို့၊ ဝမ်ဟွေရပ်ကွက်နေ (အဗ) ဦးဒီလွမ်းဟောင်း၏ သမီး [၁၃/မဖန (နိုင်) ၀၀၂၅၉၁] ကိုင်ဆောင်သူ ဒေါ်မာဘူ(ခ) ဒေါ်ဒီထွယ်ဘူသည် တစ်ဦးတည်းဖြစ်ကြောင်းနှင့် မွေးသက္ကရာဇ်အမှန်မှာ ၂၂-၁၀-၁၉၅၉ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄)၊ ဂရုဏာလမ်း၊ မြေကွက်အမှတ် (၁၁၃၇/F)၊ ဧရိယာ (၄၀ပေx ၆၀ပေ)၊ (၀.၀၅၅)ဧက၊ (၂၄၀၀)စတုရန်းပေ အကျယ်အဝန်းရှိ ဒေါ်သိန်းထွေး အမည်ပေါက် နှစ်(၆၀)ဂရန်မြေ အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်၌ ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်ကို မြေအမည်ပေါက် ပိုင်ရှင် ဒေါ်သိန်းထွေးထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပြီးလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသူ ဦးမင်းသူရ [၁၂/လမတ(နိုင်) ၀၀၁၇၁၆]နှင့် ဦးစုလှိုင် [၁၁/မအန(နိုင်) ၀၄၂၁၂၇]တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်မေမေအောင် [၁၂/ပဘတ(နိုင်) ၀၂၁၁၃၈]က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်မှုအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးကိုကိုဇော်** — **LL.B, W.I.P.O (Swit)** — **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၇၆၂)**
**ဒေါ်နှင်းဇာခြည်မြင့်** — **LL.B,D.B.L,D.M.L, D.I.L, D.I.P.L, W.I.P.O (Swit)** — **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၂၄၁)**
**အမှတ် (၆၂)၊ ပထမထပ်၊ အခန်း (၁၆)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း - ၀၉-၅၀၉၃၉၇၀၊ ၀၉-၂၅၄၅၄၆၃၆၅၊ ၀၉-၄၄၃၁၀၅၅၈၃**

## အမည်ပြောင်း

ရေးခရိုင်၊ ရေးမြို့၊ အ.ထ.က (ဟံဂံ) Grade (1)မှ (အဖ) ဦးငြိမ်းချမ်း [၁၀/ရမန (နိုင်) ၁၃၂၃၄၀]၏သား မောင်ပြည့်အောင်သိုက်အား မောင်ဘုန်းပါရမီခန့်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ဘုန်းပါရမီခန့်**

## “လုပ်ငန်းတံဆိပ်အမည်အမှတ်အသားနှင့်ပတ်သက်၍ အများသိစေရန် အသိပေးကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ (၇)ရပ်ကွက်၊ ဗိုလ်ဆွန်ပက်လမ်း၊ အမှတ်(၁၉၅/၁၉၉) နေ ဆေရက်အာမက် (ခ) ဦးခင်မောင်ထွန်း [၁၂/ပဘတ(နိုင်)၀၂၅၇၄၂]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။ အောက်တွင်ဖော်ပြထားသော လုပ်ငန်းတံဆိပ်အမည်အမှတ်အသားသည် ဆေရက်အာမက်(ခ) ဦးခင်မောင်ထွန်း၏ ကိုယ်ပိုင်လုပ်ငန်း အမှတ်တံဆိပ်ဖြစ်ပြီး မြန်မာနိုင်ငံမူပိုင်ခွင့်ဦးစီးဌာနတွင်လည်း မှတ်ပုံတင်ထားရှိပြီး WIPO Filing Date ရရှိပြီးဖြစ်ပါသည်-

FIVE STAR
Electrical Sale Center

အထက်ဖော်ပြပါ “FIVE STAR” လုပ်ငန်းတံဆိပ်အမည်အမှတ်အသားအား အသုံးပြု၍ ဆေရက်အာမက် (ခ) ဦးခင်မောင်ထွန်းမှ လွန်ခဲ့သော နှစ်ပေါင်းများစွာတည်းက အောက်ဖော်ပြပါ လိပ်စာများဖြင့် ဆိုင်ခွဲစုစုပေါင်း (၄)ဆိုင်၏ (ဆိုင်အမည်အမှတ်တံဆိပ်)အဖြစ် အသုံးပြု၍ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပါသည်-

(၁) အမှတ်(၁၂၂) ၊ လမ်း(၃၀)အလယ်ဘလောက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ (ပင်ရင်း ဆိုင်- ၁)
(၂) အမှတ်(၁၆) ၊ လမ်းသစ်လမ်း(၁)၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ (ဆိုင်ခွဲ-၂)
(၃) အမှတ်( ၂၄၃/၂၄၅)၊(မြေညီထပ်)၊ အနော်ရထာလမ်းမကြီး၊ ပန်းဘဲတန်းမြို့နယ်၊ရန်ကုန်မြို့။ (ဆိုင်ခွဲ- ၃)
(၄) အမှတ်(၉၀)၊အထက်ပန်းဆိုးတန်းလမ်း၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ရန်ကုန်မြို့။ (ဆိုင်ခွဲ- ၄)

ဆေရက်အာမက် (ခ) ဦးခင်မောင်ထွန်းမှ အဆိုပါ ဆိုင်(၄)ဆိုင်တို့တွင် နိုင်ငံခြားမှတင်သွင်းသော အမှတ်တံဆိပ်အမျိုးမျိုးဖြစ်သည့် အိမ်သုံး၊ လုပ်ငန်းသုံး လျှပ်စစ်ပစ္စည်းအမျိုးမျိုးတို့ကို ခင်းကျင်းပြသ ရောင်းချလျက်ရှိပြီး မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ထပ်မံတိုးချဲ့ဖွင့်လှစ်မည့် ဆိုင်ခွဲအသစ်များအားလုံး၏ လုပ်ငန်းတံဆိပ်အမည်အမှတ်အသား ( ဆိုင်အမှတ်တံဆိပ်)ဖြင့်လည်း ထပ်မံအသုံးပြု ဖွင့်လှစ်ရောင်းချသွားမည်ဖြစ်ပါသည်။ အဆိုပါလုပ်ငန်းနှင့်ပက်သက်ဆက်နွယ်သည့် စာရွက်စာတမ်းများ၊ Social Media ကြော်ငြာများ၊ ဆိုင်းဘုတ်များတွင်လည်းကောင်း ၊ လုပ်ငန်းအမှတ်တံဆိပ်အမည်အမှတ်သားကို အရွယ်အစားအမျိုးမျိုး၊ ဒီဇိုင်းအမျိုးမျိုးဖြင့် အထက်ဖော်ပြပါ အရောင်တစ်မျိုးတည်းသာအသုံးပြုပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းလုံးတွင် ထည့်သွင်းအသုံးပြု ရောင်းချလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အထက်တွင်ဖော်ပြထားသည့် လုပ်ငန်းတံဆိပ်အမည်အမှတ်အသား (ဆိုင်အမှတ်တံဆိပ်)ကို ဆေရက်အာမက် (ခ) ဦးခင်မောင်ထွန်းမှအပ အခြားသူတစ်ဦးတစ်ယောက်ကသော်လည်းကောင်း၊ လုပ်ငန်းအမှတ်တံဆိပ်တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ပုံတူပုံမှား၊ ဆင်တူယိုးမှား၊ တုပပြုလုပ်၍ ဆိုင်အမည်ဖွင့်လှစ်ရောင်းချ သုံးစွဲခြင်းမပြုလုပ်ပါရန်နှင့် လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ပါးပါးနီ(LL.B.,DBL) (စဉ်-၁၁၈၄၇)**
**ဒေါ်ခင်မာချို ( LL.B.,DIPL) (စဉ်- ၁၇၇၇၀)**
**(တရားလွှတ်တော်ရှေ့နေများ)**
**တိုက်(၉/၁၁)၊ အခန်း(၂၀၂-အေ)၊ ဒုတိယထပ်၊ ၃၆-လမ်း(တို)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၅၇၇၈၀၉၄၊ ၀၉-၉၇၄၀၀၀၈၃၉**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄)၊ ဂရုဏာလမ်း၊ မြေကွက်အမှတ် (၁၁၃၇/D)၊ ဧရိယာ (၄၀ပေ x ၆၀ပေ)၊ (၀.၀၅၅)ဧက၊ (၂၄၀၀)စတုရန်းပေ အကျယ်အဝန်းရှိ ဒေါ်ခင်ခင်စိုး အမည်ပေါက် နှစ်(၆၀)ဂရန်မြေ အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်၌ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်ကို မြေအမည်ပေါက် ပိုင်ရှင် ဒေါ်ခင်ခင်စိုးထံမှ အရပ်ကတိအရောင်း အဝယ်စာချုပ်ဖြင့်ဝယ်ယူပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသူ ဦးမင်းသူရ [၁၂/လမတ(နိုင်) ၀၀၁၇၁၆]နှင့် ဦးစုလှိုင် [၁၁/မအန(နိုင်) ၀၄၂၁၂၇]တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်မေမေအောင် [၁၂/ပဘတ(နိုင်) ၀၂၁၁၃၈]က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်မှုအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးကိုကိုဇော်** — **LL.B, W.I.P.O (Swit)** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၇၆၂)**
**ဒေါ်နှင်းဇာခြည်မြင့်** — **LL.B,D.B.L,D.M.L, D.I.L, D.I.P.L, W.I.P.O (Swit)** — **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၂၄၁)**
**အမှတ် (၆၂)၊ ပထမထပ်၊ အခန်း (၁၆)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း - ၀၉-၅၀၉၃၉၇၀၊ ၀၉-၂၅၄၅၄၆၃၆၅၊ ၀၉-၄၄၃၁၀၅၅၈၃**

## မိခင်အမည်မှန်

ရေးခရိုင်၊ ရေးမြို့၊ အ.ထ.က (၂) Grade(9)မှ မဝတ်ရည်ဖြိုး၏ မိခင်အမည်မှန်မှာ ဒေါ်ချောစုထွေး [၅/ဒပယ(နိုင်) ၁၄၇၂၇၉] ဖြစ်ပါကြောင်း။

**ဒေါ်ချောစုထွေး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄)၊ ဂရုဏာလမ်း၊ မြေကွက်အမှတ် (၁၁၃၇/G)၊ ဧရိယာ (၄၀ပေx ၆၀ပေ)၊ (၀.၀၅၅)ဧက၊ (၂၄၀၀)စတုရန်းပေ အကျယ်အဝန်းရှိ ဒေါ်အေးသဇင်ဦး အမည်ပေါက် နှစ်(၆၀)ဂရန်မြေ အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်၌ ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်ကို မြေအမည်ပေါက် ပိုင်ရှင် ဒေါ်အေးသဇင်ဦးထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပြီးလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသူ ဦးမင်းသူရ [၁၂/လမတ(နိုင်) ၀၀၁၇၁၆]နှင့် ဦးစုလှိုင် [၁၁/မအန(နိုင်) ၀၄၂၁၂၇]တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးဇော်လွင် [၁၂/ပဘတ(နိုင်) ၀၂၀၆၁၄]က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်မှုအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးကိုကိုဇော်** — **LL.B, W.I.P.O (Swit)** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၇၆၂)**
**ဒေါ်နှင်းဇာခြည်မြင့်** — **LL.B,D.B.L,D.M.L, D.I.L, D.I.P.L, W.I.P.O (Swit)** — **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၂၄၁)**
**အမှတ် (၆၂)၊ ပထမထပ်၊ အခန်း (၁၆)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း - ၀၉-၅၀၉၃၉၇၀၊ ၀၉-၂၅၄၅၄၆၃၆၅၊ ၀၉-၄၄၃၁၀၅၅၈၃**

## ကြော်ငြာစာ

